# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ–၁၇၇)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ၂၀၂၁ ခုနှစ်၊ မေ ၁၈ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၂၂၇)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေး ရတနာပုံခန်းမ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေး ရတနာပုံခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် မေ ၁၇

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

❏ ယနေ့ဖွင့်လှစ်လိုက်သည့် ရတနာပုံခန်းမကြီးသည် မန္တလေးနှင့် အနီးဝန်းကျင်တွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အခန်းကဏ္ဍများအတွက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်စေပြီး ကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မီမီ ဆောင်ရွက်ပေးနိုင်သော ခန်းမအဆောက်အအုံကြီး တစ်ခုဖြစ်


**မြန်မာပြည်၏ အကြီးဆုံး ဆောက်လုပ်ရေးသုံးပစ္စည်းများ တနေရာထဲမှာရရှိနိုင်မည်**

5 Mile

ရန်ကုန်၊ မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၅)လမ်းမပေါ်တွင်တည်ရှိသော

**Construction Material Park & Logistic Hub**

(၁) ဧက 2500 သိန်းခန့်

■ စရန်(၅၀)% ကျန်(၅၀)%ကို(၂.၅)% X လ (၂၀)ပေးသွင်းရမည်။Bank Transfer လက်ခံသည်

Sale Agent E-House Tel: 09 777 999 111 / 222 Discount 20% Off Promotion

Developed By: 5 Mile Industrial Park & Logistic Hub 24 ~ 31 May-2021



# အသိ သတိဖြင့် ကြံ့ကြံ့ခံ

ယခုကာလသည် မြန်မာနိုင်ငံ၏ မိုးကြိုကာလဖြစ်သည့်အလျောက် နေ့အပူချိန်များ မြင့်မားနေသလို မိုးကြိုကာလ၏ မိုးလေဝသအခြေအနေများလည်း ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့် ဖြစ်စဉ်များအနက် သမိုင်းဝင်စံချိန်တင်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ၂၀၀၈ ခုနှစ် မေလဆန်း ယခုလို အချိန်ရာသီတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ ကမ္ဘာကြီးသည် ပိုမိုပူနွေးလာမှုနှင့်အတူ ရာသီဥတုများမှာလည်း ပြောင်းလဲလာသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုပိုမိုများပြားလာသည့်နည်းတူ ပိုမို၍လည်း ကြမ်းတမ်းလာသည်။ ထို့ကြောင့် လူတို့၏ အသက်အိုးအိမ် ပစ္စည်းဥစ္စာများ၊ စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့မှာ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပိုမိုကြုံတွေ့လာကြရသည်။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နိုင်သည့် အခြေအနေမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကမ်းရိုးတန်းဒေသများသည် မုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီစသည့် သဘာဝဘေးများ ကြုံတွေ့နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ဝှမ်းဒေသ အများအပြားတို့မှာ ရေကြီးရေလျှံမှု၊ ကုန်းမြင့်ဒေသများ၊ တောင်ကုန်းတောင်တန်း ဒေသများတွင်မူ တောင်ကျရေ ဖုံးလွှမ်းမှု၊ မြေပြိုမှု စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။ ပြတ်ရွေ့မြေလျှောင်ကြောဒေသများတွင် မြေငလျင်လှုပ်ပါက ထိခိုက်ပျက်စီးနိုင်ခြေမြင့်မားပြီး တစ်နိုင်ငံလုံးရှိ လူနေဒေသများအားလုံးတွင် အမြဲသတိပြုနေကြရမည့် ဘေးအန္တရာယ်မှာမူ မီးဘေးဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို မဖြစ်ပေါ်အောင် တားဆီးမှုမပြုနိုင်သော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို လျှော့နည်းနိုင်သမျှ လျှော့နည်းသက်သာရန်အတွက်မှာမူ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် စီမံချက်များရေးဆွဲထားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်သည်။ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လာချိန်တွင် ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတို့ကို ကြိုတင်၍ စီမံချက်ရေးဆွဲကာ လုပ်ငန်းအစီအစဉ်အလိုက် လျင်လျင်မြန်မြန် ဆောင်ရွက်သွားနိုင်သည်။ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့ ပြုလုပ်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်မကျရောက်မီက အခြေအနေထက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများရရှိအောင် ဆောင်ရွက်နိုင်သည်။

သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကို မိမိတို့သည် တစ်ချိန်မဟုတ် တစ်ချိန်တွင် ကြုံတွေ့ခံစားကြရမည်သာဖြစ်ပြီး ရှောင်လွှဲ၍မရ။ အင်အားကြီးမားလှသည့် သဘာဝတရားကြီး၏ အဖျက်စွမ်းအားတို့ကို တားဆီး၍မရသည့်တိုင် ဘေးဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်ရန်မူ စွမ်းဆောင်နိုင်သည်။ မိမိတို့နေထိုင်ရာ ဒေသများအလိုက် ကြုံတွေ့ရလေ့ရှိသော သဘာဝဘေးအန္တရာယ်တို့ကို ဖြစ်ပေါ်မလာမီကပင် ကြိုတင်မျှော်တွေးကာ ရင်ဆိုင်နိုင်ရေး၊ ရှောင်တိမ်းနိုင်ရေး၊ ရှင်သန်နိုင်ရေး၊ လွတ်မြောက်နိုင်ရေးတို့အတွက် သေချာစွာ ပြင်ဆင်ထားကြရမည်ဖြစ်သည်။

"အသက်ကို ဉာဏ်စောင့်" ဆိုသည့် ဆိုရိုးအတိုင်း ဉာဏ်ပညာ၊ ဗဟုသုတပြည့်စုံသူတို့မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုတို့မှ ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။ အချိန်ကာလအလိုက် မီဒီယာအမျိုးမျိုးတို့မှ ကြိုတင်ထုတ်ပြန်ပေးနေသည့် သတင်းအချက်အလက်များ၊ အသိပညာပေးမှုများကို မျက်ခြည်မပြတ်ရယူကာ အသိ၊ သတိတို့ဖြင့် လိုက်နာဆောင်ရွက်ကြသည်နှင့်အမျှ အသက်အိုးအိမ် စီးပွားဥစ္စာဆုံးရှုံးမှုတို့ လျှော့ပါးသက်သာနိုင်ကြမည်ဟု အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ရာဇဝတ်အထူးအယူခံမှု ( ၅ ) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ( ၅ ) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းကို အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းစိုးကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်ကို လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန) ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ပဉ္စမနှစ်ဘွဲ့ကြိုသင်တန်းနှင့် မဟာသိပ္ပံဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်

**နေပြည်တော် မေ ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ပဉ္စမနှစ် ဘွဲ့ကြိုသင်တန်းနှင့် မဟာသိပ္ပံဘွဲ့လွန်သင်တန်းများကို ၂၀၂၁ ခုနှစ် မေ ၂၄ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ❑ ယခုလက်ရှိ ရတနာပုံခန်းမကြီးနှင့် ကပ်လျက်တည်ရှိသည့် ၃၈ လမ်း ဖောက်လုပ်ထားသောမြေရိယာသည် ရှေးယခင်ကတည်းက တပ်ပိုင်မြေဖြစ်ပြီး အများပြည်သူ အသုံးပြုနိုင်ရန် အလို့ငှာ လမ်းမကြီးဖြတ်သန်းဖောက်လုပ်နိုင်ရေးအတွက် မိမိတာဝန်ယူသည့် အချိန်တွင် တပ်မတော်မှ မြို့တော်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းပေးခဲ့ခြင်းဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေး ရတနာပုံခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



◆ *ရွှေဖုံးမှ*

ဦးစွာ ရတနာပုံခန်းမအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရတနာပုံခန်းမဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ခန်းမကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့သည် လမ်းပန်းဆက်သွယ်မှု အချက်အချာကျသည့် နေရာတွင် တည်ရှိပြီး မြန်မာနိုင်ငံအထက်ပိုင်း ကုန်စည်ကူးသန်းရောင်းဝယ်ရေးဗဟိုဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် မြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ရတနာပုံခန်းမကြီးသည် မန္တလေးနှင့် အနီးဝန်းကျင်တွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အခန်းကဏ္ဍများအတွက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်စေပြီး ကောင်းမွန်သော ဝန်ဆောင်မှု လုပ်ငန်းများကို အဆင့်မီမီ ဆောင်ရွက်ပေးနိုင်သော ခန်းမအဆောက်အအုံကြီး တစ်ခုဖြစ်ကြောင်း။

### သမိုင်းဝင်အဆောက်အအုံအများအပြား ကျန်ရှိ

အမရပူရခေတ်တွင် ရွှေမြို့တော်ကို "အမရပူရ"၊ နန်းမြို့တော်ကို "မြနန်းဘုံစံ"၊ ရွှေနန်းတော်ကို "အောင်နန်းစံရာ" ဟု ခေါ်ဝေါ်ခဲ့ကြပြီး ရတနာပုံ (မန္တလေး) ခေတ်တွင် ရွှေမြို့တော်ကို "ရတနာပုံ"၊ နန်းမြို့တော်ကို " လေးကျွန်းအောင်မြေ"၊ ရွှေနန်းတော်ကို "မြနန်းစံကျော်" ဟုအသီးသီး ခေါ်ဝေါ်ခဲ့ကြကြောင်းနှင့် မန္တလေးမြို့စတင် တည်ထောင်စဉ်က "ရတနာပုံ" ဟုအမည်သမုတ်ခဲ့သော်လည်း နောင်အခါ "မန္တလေးတောင်" ကိုအစွဲပြု၍ "မန္တလေး" ဟု အမည်ပြောင်းလဲ ခေါ်ဝေါ်လာခဲ့ကြသည်ကို မှတ်သားတွေ့ရှိရကြောင်း၊ သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မန္တလေးရတနာပုံနေပြည်တော်ကြီးကို တည်ထောင်ခဲ့သည့်အတွက် " အုတ် ကျစ် ကျော် အေး မန္တလေး" ဟုလည်း မှတ်ယူခဲ့ကြပြီး မြန်မာနိုင်ငံ၏ မင်းနေပြည်တော်ဖြစ်ခဲ့သည့် အားလျော်စွာ ထီးသုံးနန်းသုံး ဝေါဟာရအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံအများအပြား ကျန်ရှိခဲ့သည့် မြို့တော်တစ်ခုလည်းဖြစ်ကြောင်း။

မန္တလေးရတနာပုံခေတ်တွင် မြန်မာ့လက်မှု အနုပညာများဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းပွတ်ပညာရပ်များ၊ ကြေးထည်ဖြင့်ပြုလုပ်သော ပန်းတဉ်းလုပ်ငန်း၊ ကျောက်ဆစ်ပညာဖြစ်သော ပန်းတမော့လုပ်ငန်းများ၊ မှန်စီရွှေချလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ ပိုးထည်လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ မျက်ပါးခတ်လုပ်ငန်းစသည့် မြန်မာ့လက်မှု အနုပညာများ ထွန်းကားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မင်းတုန်းမင်းကြီးသည် သာသနာကို လေးစားသောမင်းဖြစ်သည့် အားလျော်စွာ ၁၂၃၃ ခုနှစ်တွင် ပိဋကတ်သုံးပုံကို ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ကျောက်ပြား ၇၂၉ ချပ်ပေါ်တွင် ကမ္ပည်းအက္ခရာတင်ပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်း စိုက်ထူကိုးကွယ်ခဲ့ကြောင်း၊ ဘုရားဝင်းအတွင်းရှိ နှစ် ၁၅၀ နီးပါးသက်တမ်းရှိပြီဖြစ်သည့် ပိဋကတ်ကျောက်စာများကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ယူနက်စကိုအဖွဲ့က Memory of the World Register စာရင်းတွင် သမိုင်းအမွေအနှစ်တစ်ခုအဖြစ် ၂၀၁၃ ခုနှစ်၌ စာရင်းသွင်းခံခဲ့ရမှုသည် မန္တလေးမြို့၏ နက်ရှိုင်းသော ယဉ်ကျေးမှုကို မြန်မာသာမက ကမ္ဘာကပါ အသိအမှတ်ပြုခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

### အဓိကဗဟိုချက်အဖြစ် ဆက်လက်တည်ရှိ

၁၈၈၅ ခုနှစ်တွင် တိုင်းတစ်ပါး ကျူးကျော်သိမ်းပိုက်မှု ခံခဲ့ရကာ နန်းတွင်းလက်ရာ ပစ္စည်းများကို ဖျက်ဆီး၍ အချို့ကိုယူဆောင်သွားခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်းတွင် ဗုံးဒဏ်ကြောင့် မီးလောင်ကျွမ်းခဲ့ရသဖြင့် စစ်ဘေးစစ်ဒဏ်ကို ခံစားခဲ့ရသော်လည်း ရိုးရာအမွေအနှစ်များ လက်ဆင့်ကမ်းနိုင်သည့် မန္တလေးမြို့သည် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် စီးပွားရေးအဓိကဗဟိုချက်အဖြစ် ဆက်လက်တည်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရှေးကာလကပင် မန္တလေးမြို့သည် ကမ္ဘာတွင် လူသိများသည့်အတွက် အင်္ဂလန်နိုင်ငံမှ စာရေးဆရာတစ်ဦးဖြစ်သူ "ဘီသီယာ မေရီ ခရိုကာ" Bithia Mary Croker (U.K)က The Road To Mandalay–Tale Of Burma ဆိုသည့် စာအုပ်ကို ၁၉၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး အဆိုပါခေတ်က မန္တလေးမြို့၏ ကြီးကျယ်ခမ်းနားမှု၊ သာယာလှပမှု၊ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုများကို ဖော်ညွှန်းရေးသားထုတ်ဝေခဲ့ရာ လူကြိုက်များသည့်အတွက် အကြိမ်ကြိမ်ထပ်မံထုတ်ဝေခဲ့ရကြောင်း၊ ထို့အပြင် အမေရိကန်နိုင်ငံသား တေးဂီတပညာရှင်တစ်ဦးဖြစ်သည့် "အိုလေ စပိခ်–စ်" Oley Speaks က On The Road To Mandalay ဆိုသည့် သီချင်းကို ၁၉၀၇ ခုနှစ်တွင် ရေးသားစပ်ဆိုခဲ့ရာ မန္တလေးမြို့ကို ဖော်ညွှန်းသော အောင်မြင်သည့်သီချင်းအဖြစ် ကမ္ဘာတွင် လူသိများနာမည်ကြီးခဲ့သည်ကို တွေ့ရှိရကြောင်း။

မန္တလေးဟုဆိုလိုက်ပါက ဂီတစာဆို အကျော်အမော်ဟုဆိုရမည့် အလင်္ကာကျော်စွာဘွဲ့ရ ဆရာကြီးမြို့မငြိမ်းပါမှ ပြည့်စုံသည်ဟုဆိုရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းတို့ ရတနာပုံခန်းမအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့နှင့် မြို့မတူရိယာအဖွဲ့မှ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အကအလှတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုစဉ်။

## "မြန်မာနိုင်ငံအထက်ပိုင်း၏ ယဉ်ကျေးမှုနှင့် စီးပွားရေး ဗဟိုချက်မဖြစ်သည့် မန္တလေးမြို့ကြီးတွင် ယခုကဲ့သို့ ရတနာပုံခန်းမကြီး တည်ဆောက်ဖွင့်လှစ်ရခြင်းမှာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများ ကျင်းပနိုင်ရန်၊ မြို့ဂုဏ်ကျက်သရေဆောင် ခမ်းနားထည်ဝါသည့် ခန်းမကြီးအဖြစ် တည်ရှိနေစေရန် ဆိုသည့် ရည်ရွယ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏများစွာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်"

*စာမျက်နှာ ၃ မှ*

ဆရာကြီး၏ တေးဂီတပြုစု ဖွဲ့ဆိုမှုများသည် ယနေ့ထက်တိုင် ခေတ်မီဆဲ၊ ကျော်ကြားဆဲ၊ ဂန္ထဝင်မြောက်ဆဲဖြစ်ကြောင်း၊ အလားတူ ဆရာကြီးမြို့မငြိမ်းဟု ပြောလိုက်ပါက ဆရာကြီး တို့စတင်တည်ထောင်ခဲ့သည့် မြို့မတေးဂီတအဖွဲ့သည်လည်း ခွဲခြားလို့မရနိုင်ကြောင်း၊ ထို့ကြောင့် ယနေ့ ဖွင့်ပွဲအခမ်းအနားတွင် မြို့မတေးဂီတအဖွဲ့က ပါဝင်ဖျော်ဖြေပေးနိုင်ပါက ကောင်းမွန်မည်ဟု ဆန္ဒပြုခဲ့ပြီး ယခုကဲ့သို့ ပါဝင်ဖျော်ဖြေပေးသည့်အတွက် အင်မတန်ဝမ်းမြောက်ကျေးဇူးတင်ကြောင်း။

### လူမျိုးပေါင်းစုံ သက်ဝင်လှုပ်ရှား

ကုန်းဘောင်မင်းဆက် နန်းစိုက်ရာ ရတနာပုံမန္တလေးမြို့သည် နန်းအဆောင်အယောင်နှင့် ခမ်းနားသကဲ့သို့ မြို့ပြင်လေးရပ်တွင်လည်း အရောင်းအဝယ်များဖြစ်ထွန်းရာ လူဦးရေ ၂ သိန်းခန့်အထိ နေထိုင်ခဲ့ပါကြောင်း၊ မင်းတုန်းမင်းလက်ထက် မန္တလေးမြို့ပြင် လေးရပ်တွင် အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီ၊ ယိုးဒယား(ထိုင်း)၊ တရုတ် စသည့် လူမျိုးပေါင်းစုံ သက်ဝင်လှုပ်ရှားခဲ့ပြီး နေထိုင်ရေးအတွက် အလုပ်အကိုင်နှင့် လူမျိုးအမည်အလိုက် နေရာချထားပေးခဲ့သကဲ့သို့ ကိုးကွယ်ယုံကြည်မှုအနေဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီး မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် စေတီ၊ ပုထိုးနှင့် ဘုရားရှိခိုးကျောင်းများကိုလည်း ဆောက်လုပ်ခွင့်ပြုခဲ့သည်ကို မှတ်တမ်းများအရ လေ့လာသိရှိခဲ့ရကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုတို့စုဝေးရာ ဒေသလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၏ အဓိကစီးပွားရေးဗဟိုချက်ဖြစ်ပြီး မှတ်တမ်းများအရ လူဦးရေ ၁ ဒသမ ၄ သန်းရှိပြီး ကိုးကွယ်ယုံကြည်မှုအနေဖြင့် ဗုဒ္ဓဘာသာ ၉၃ ဒသမ ၈ ရာခိုင်နှုန်း၊ ခရစ်ယာန် ၀ ဒသမ ၆ ရာခိုင်နှုန်း၊ ဟိန္ဒူ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ အစ္စလာမ် ၄ ရာခိုင်နှုန်းနှင့် အခြား ၀ ဒသမ ၈ ရာခိုင်နှုန်းတို့ပေါင်းစည်းနေထိုင်ကြသည့် နေရာဒေသလည်းဖြစ်ကြောင်း။

### ခမ်းနားထည်ဝါစွာ တည်ဆောက်

မြန်မာနိုင်ငံအထက်ပိုင်း၏ ယဉ်ကျေးမှုနှင့် စီးပွားရေး ဗဟိုချက်မဖြစ်သည့် မန္တလေးမြို့ကြီးတွင် ယခုကဲ့သို့ ရတနာပုံခန်းမကြီး တည်ဆောက်ဖွင့်လှစ်ရခြင်းမှာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်အဆင့်အခမ်းအနားကြီးများအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများ ကျင်းပနိုင်ရန်၊ မြို့ဂုဏ်ကျက်သရေဆောင် ခမ်းနားထည်ဝါသည့် ခန်းမကြီးအဖြစ် တည်ရှိနေစေရန် ဆိုသည့် ရည်ရွယ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏများစွာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင် တည်ဆောက်ထားရှိပြီးဖြစ်သည့် ခန်းမများရှိပြီးဖြစ်သော်လည်း တိုးပွားလာသော လူဦးရေ၊ မြင့်မားလာသော လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ လူဦးရေပိုမိုဝင်ဆံ့နိုင်သည့် ကျယ်ဝန်းမှု၊ ခေတ်မီဆန်းသစ်မှု၊ နည်းပညာအသုံးချနိုင်မှုများဖြင့် အကောင်းမွန်ဆုံးသော ဝန်ဆောင်မှုများပေးနိုင်မည့် ခန်းမကြီးတစ်ခုလိုအပ်သည်ကို တွေ့ရှိရကြောင်း၊ မိမိကိုယ်တိုင်လည်း မန္တလေးတွင် လူလားမြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတတ်နိုင်သည့် အချိန်တွင် ၇၈ လမ်းနှင့် ၃၈ လမ်းထောင့် ယခုနေရာတွင် ယခုကဲ့သို့ခံ့ညားထည်ဝါသော ခန်းမကြီးတစ်ခုအဖြစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်ကတည်းက ရည်ရွယ်ဆုံးဖြတ်ခဲ့ပြီး အကောင်အထည်ဖော်စေခဲ့ခြင်းဖြစ်ကြောင်း၊ ရတနာပုံခန်းမကြီးအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ စတင် တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ မန္တလေးမြို့၏ အချက်အချာနေရာတစ်ခုဖြစ်သည့် ၇၈ လမ်း၊ ၃၈ လမ်းထောင့် မြေဧရိယာ ၆ ဧကပေါ်တွင် ဆောက်လုပ်ထားရှိခြင်းဖြစ်ပြီး တည်ဆောက်ရာတွင် မန္တလေးမြို့၏ ကျက်သရေဆောင် နန်းမြို့မြန်မာမှုအသွင်အပြင်နှင့် ခေတ်မီနည်းပညာများ ပေါင်းစပ်၍ မြို့တော်ဂုဏ်အင်္ဂါရပ်နှင့် လိုက်ဖက်တင့်တယ်စေမည့် ဒီဇိုင်းများအဖြစ် ပုံဖော်ဖန်တီးပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရတနာပုံခန်းမကြီးသည် လူဦးရေ ၁၂၀၀ ဝင်ဆံ့ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Workshop)များ၊ အစည်းအဝေး (Meeting) များ၊ ရှင်ပြုရဟန်းခံနားထွင်းနားသအလှူပွဲ၊ မင်္ဂလာဆောင်ပွဲ၊ အထိမ်းအမှတ် ညစာစားပွဲ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ စသည့်အခမ်းအနား ပွဲများအပြင် ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ ဈေးရောင်းပွဲတော်များနှင့် နိုင်ငံတကာ ကုန်စည်ပြပွဲများကိုပါ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်ပြီး ခေတ်မီနည်းပညာများနှင့် ဓာတ်လှေကား၊ စက်လှေကားများ၊ အသံပိုင်းဆိုင်ရာစနစ်များ၊ မီးသတ်စနစ်နှင့် လုံခြုံရေးစနစ်များကိုပါ ထည့်သွင်းတည်ဆောက်ထားကြောင်း။

မြန်မာနိုင်ငံ၏ ကုန်းဘောင်မင်းဆက်မြို့တည်နန်းတည်ရာဖြစ်ခဲ့သည့် မန္တလေးမြို့သည် သမိုင်းအစဉ်အလာရှိမှုနှင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားမှုများဖြင့် ထင်ရှားသည့် မြို့တစ်မြို့လည်းဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ဒေသများသည် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှု များပြားသော ဒေသဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် မြို့ကျက်သရေဆောင် ခန်းမကြီးတစ်ခုကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ **ယခုလက်ရှိရတနာပုံခန်းမကြီးနှင့် ကပ်လျက်တည်ရှိသည့် ၃၈ လမ်း ဖောက်လုပ်ထားသောမြေဧရိယာသည် ရှေးယခင်ကတည်းက တပ်ပိုင်မြေဖြစ်ပြီး အများပြည်သူ အသုံးပြုနိုင်ရန်အလို့ငှာ လမ်းမကြီးဖြတ်သန်းဖောက်လုပ်နိုင်ရေးအတွက် မိမိတာဝန်ယူသည့်အချိန်တွင် တပ်မတော်မှ မြို့တော်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊** အလားတူ ကျွဲဆည်ကန်စက်မှုဇုန် (၂) အနီးမြို့သစ်မှ ရန်ကုန်-မန္တလေးကားလမ်းမကိုပတ်သွားနေရခြင်းကြောင့် ကမ္ဘာ့ရတနာဘဏ် အနီးတွင်ရှိသည့် တပ်မတော်ပိုင် ကန်တိုမင်မြေပေါ်ဖြတ်သန်း၍ လမ်းနှစ်ခု ဆက်ပြီးဖောက်လုပ်နိုင်ရေး တင်ပြလာခဲ့သည့်အတွက် လွှဲပြောင်းပေးခဲ့ရာ ယခုဖောက်လုပ်ထားသော ၁၁၇ လမ်းအဖြစ် မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးတောင်ခြေအနီး အိမ်ခြေ ၆၁၁ လုံး၊ အိမ်ထောင်စု ၇၈၉ စုရှိသည့် ဘုန်းတော်တိုးရပ်ကွက်ကြီးတစ်ခုလုံးသည် တပ်မြို့ စည်ပင်ကန်တိုမင်နယ်မြေအတွင်းတွင်ရှိသည့်အတွက် မြို့၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူများ၏ အကျိုးစီးပွား တိုးတက်စေရေးအလို့ငှာ မိမိတို့မှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည့်အတွက် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးနှင့် မြို့ကွက်ပုံစံစနစ်တကျ ဖြစ်စေရေးတို့အတွက် အထောက်အကူဖြစ်စေခဲ့ကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

### ကြိုးစားဆောင်ရွက်

သမိုင်းအစဉ်အလာကြီးမားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိနေသည့် မန္တလေးမြို့တွင် လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံများ ယခုကဲ့သို့ တည်ဆောက်ပေးခြင်းဖြင့် ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများကို ခမ်းနားထည်ဝါစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း တစ်တပ်တစ်အား အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူရခြင်းသည် အရေးပေါ်ကာလ ခဏတာမျှဖြစ်သော်လည်း တတ်နိုင်သမျှ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေးကဏ္ဍတွင် နောက်ကျမကျန်ခဲ့ရအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းသည် ပဲ၊ နှမ်း၊ ငရုတ်အပါအဝင် နှစ်ရှည်သီးနှံများ အဓိကထားစိုက်ပျိုး ထုတ်လုပ်ပြီး ရွှေချည်ထိုး၊ ကြိုးကြီးချိပ်အပါအဝင် အထည်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နေသည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ အခြားစက်မှုလုပ်ငန်းများ များစွာဆောင်ရွက်နေသည့်အတွက် ရေခံမြေခံကောင်းသည့် မန္တလေးတိုင်းသည် နိုင်ငံတော်က အားကိုးရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အဓိကအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများ ဖြစ်စေရေး ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ရတနာပုံခန်းမ တည်ဆောက်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေများအား Video Clip များဖြင့် ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများ၊ COVID –19 ရောဂါကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း က စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်မီးဖူလုံရေး၊ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်သည် လွန်ခဲ့သည့် ဆယ်စုနှစ်ကတည်းက စတင်ပြောင်းလဲလာခဲ့ပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မြို့တော်သန့်ရှင်း သာယာလှပရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပါဝင်မှုသည် အဓိကအရေးကြီးပြီး ပြည်သူများက တစ်ဦးချင်း ကိုယ်စီအသိဖြင့် ပါဝင်ပါက မြို့တော်သည် သန့်ရှင်းသာယာနေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ရေထုတ်စနစ်အလွန်အားနည်းခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး အမြန်ဆုံးအဖြေရှာပြုပြင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ရေ၏ ထုထည်၊ စီးဝင်မှုနှင့် ရေစီးကြောင်း တစ်လျှောက် ရေမြောင်း အကျယ်ပမာဏတို့ကို စနစ်တကျတွက်ချက်ရန်လိုကြောင်း၊ ရေ၏ ထုထည်ကြီးမားသည်နှင့်အမျှ ၎င်းရေထုကို လွယ်ကူစွာစီးဆင်းစေနိုင်ရေးအတွက် ရေမြောင်းများဖောက်လုပ်ရာတွင် အကျဉ်းမှအကျယ်သို့ တဖြည်းဖြည်းချင်း ကူးပြောင်းဖောက်လုပ်နိုင်ရေး တွက်ချက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ရေပေးဝေရေးအတွက် မြေအောက်ရေ ပေးဝေရေးနှင့်ပတ်သက်၍ မြေအောက်ရေကို အတတ်နိုင်ဆုံး ထုတ်ယူမသုံးစွဲစေလိုဘဲ ဧရာဝတီမြစ်နှင့် မြစ်ငယ်မြစ်တို့မှ မြစ်ရေကို တင်ယူကာ သုံးစွဲနိုင်ရေး လုပ်ဆောင်ကြစေလိုကြောင်း၊ မြစ်ရေတင် စီမံကိန်းများ လုပ်ဆောင်ရာတွင် လိုအပ်မည့် လျှပ်စစ်ဓာတ်အားများကို ဆိုလာစနစ်ဖြင့် သုံးစွဲနိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ဆန်ဖူလုံမှုသည် ဖ၈ ရာခိုင်နှုန်း ခန့်သာရှိသည့်အတွက် ပြင်ပမှ ဆန်များကို ဝယ်ယူစားသုံးနေရသည်ဟု သိရှိရကြောင်း၊ ဝယ်ယူစားသုံးနေရသည့် ဆန် ၄၀ ရာခိုင်နှုန်းခန့်ကို ဖူလုံမှုရှိစေရေးအတွက် ၁ ဧက အထွက်နှုန်းတိုးစေရေးနှင့် နွေစပါး ရရှိအောင် စိုက်ပျိုးရမည်ဖြစ်ပြီး မြစ်ရေတင် စီမံကိန်းများမှတစ်ဆင့် ဒေသ၏ လိုအပ်သည့် သုံးရေနှင့် စိုက်ပျိုးရေများကို ပေးဝေနိုင်ပါက ဒေသတိုးတက်မှုနှင့် လူနေမှုဘဝကို ပိုမိုအထောက်အကူ ဖြစ်လာစေမည်ဖြစ်ကြောင်း။

> “နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အားလုံးပါဝင်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်၊ ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို၊ မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့် စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်”

**တိုးပွားအောင် လုပ်ဆောင်**

ထို့ပြင် လက်ရှိမြို့တွင်းလမ်းများ ချဲ့ထွင်ရာ၌ ဆိုင်ကယ်မောင်းနှင်ရန် လမ်းကြောင်းကို ထည့်သွင်းစဉ်းစားပြီး ပလက်ဖောင်းနှင့် မျဉ်းဝါအကြားတွင် ဆိုင်ကယ်လမ်းကြောင်း သတ်မှတ်ထည့်သွင်းရန်လိုကြောင်း၊ အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုးမြေကေ တိုးချဲ့စိုက်ပျိုးပါက မြေကေအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေးအသိပညာဗဟုသုတများ တိုးပွားအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်း ငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝ ချမ်းသာလာစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီး ဖူလုံရန်၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်၊ ဆက်သွယ်မှုစနစ်ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များ ထွက်ပေါ်လာစေရန် အလွန်အရေးကြီးသည့် ပညာတတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေး ပညာရေးကို အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ်အထက် လုံးဝကျောင်းမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထို့ကြောင့် လုံးဝ စာသင်ကြားဖူးခြင်း မရှိသူများကို အ သုံးလုံး ပညာသင်ကြားပေးနိုင်ရေး၊ စာမတတ်မြောက်သူ ပပျောက်ရေး စီမံချက်များရေးဆွဲ၍ ပညာရေးပြဿနာကို အဖြေရှာ ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မသမာသူလူအုပ်စု အချို့ကကျောင်းများပြန်လည်ဖွင့်လှစ်နိုင်မှုမရှိအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သည် သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ အသိဉာဏ်ခေါင်းပါးသည့် လူတချို့က နိုင်ငံတော်၏ မျက်နှာကို မကြည့်ဘဲ လုပ်ဆောင်မှုများကြောင့် နစ်နာပျက်စီးနေရသည်ကို ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးတွင် ပညာရေးဝန်ထမ်းများဖြင့်သာမက အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပါဝင်မှသာလျှင် စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် နောက်ကျကျန်နေခဲ့ပါက ရေရှည်တွင် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိနိုင်ကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းသား ကျောင်းသူများကို စာပေပညာသင်ကြားပေးရန် တာဝန်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် မိမိဆန္ဒနှင့် မကိုက်ညီသည်များရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အလုပ်တာဝန်နှင့် မိမိတို့၏ ခံစားချက်များကို ခွဲခြားသိမြင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတိုင်းတွင် အစိုးရကို ဆန့်ကျင်သည်များရှိသော်လည်း နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်အောင် မလုပ်ဆောင်ကြကြောင်းနှင့် မိမိတို့နိုင်ငံ၌ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများကို မီးရှို့ခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်မှု အဆောက်အအုံများကို ဗုံးခွဲဖျက်ဆီးခြင်းများ၊ လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့မြင်နေကြရပြီး နိုင်ငံတော်၏ မျက်နှာကို မကြည့်ဘဲ လုပ်ဆောင်နေခြင်းများဖြစ်သဖြင့် စိုးရိမ်ပူပန်နေကြရကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊

*စာမျက်နှာ ၇ သို့*

# တပ်မတော်သားတိုင်း တစ်ဦးချင်း စွမ်းရည်တိုးတက်စေရန်အတွက် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်နေရမည်ဖြစ်ပြီး စစ်စည်းကမ်းနှင့် အမိန့်နာခံမှု ကောင်းမွန်ရမည်ဖြစ်

**နေပြည်တော် မေ ၁၇**

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားတိုင်း၏ စွမ်းရည်တိုးတက်မြင့်မားစေရေးအတွက် အတန်းပညာ၊ အတတ်ပညာများနှင့် ရာထူးအဆင့်နှင့် လျော်ညီသည့် လေ့ကျင့်မှုများကို သင်တန်းကျောင်းအသီးသီးတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် မိမိတို့တစ်ဦးချင်း၏ တာဝန်များကို ထမ်းဆောင်ရာတွင် စစ်သားကောင်းပီသစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံတပ်မတော် တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံတပ်မတော် တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

### စွမ်းရည်များကို မြှင့်တင်ပေးနေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် **တပ်မတော်တွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ စစ်သည်တစ်ဦးချင်းစီ၏ စွမ်းရည်မြှင့်တင်ပေးရန်၊ မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် အရည်အချင်းပြည့်ဝစွာ ထမ်းဆောင်နိုင်စေရေး ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနေရခြင်းဖြစ်** ကြောင်း၊ တပ်မတော်တန်းမြင့်သင်တန်းကျောင်းများသည် စစ်သည်များ၏ တစ်ဦးချင်းစွမ်းရည်နှင့် အဖွဲ့လိုက်စွမ်းရည်များကို မြှင့်တင်ပေးနေသည့် ကျောင်းများပင်ဖြစ်ကြောင်း၊ သင်တန်းများ တက်ရောက်နေစဉ်အတွင်း သင်ကြားပေးသည့် ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ယူထားရှိမှသာလျှင် မြေပြင်လက်တွေ့အခြေအနေ၌ မှန်မှန်ကန်ကန်ဖြင့် ပြန်လည်အသုံးချနိုင်မည်ဖြစ်ကြောင်း၊ **စစ်မြေပြင်တာဝန်ထမ်းဆောင်ရာတွင် ကြံ့ခိုင်မှု မပြည့်ဝပါက တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်မဟုတ်၍ တစ်ဦးချင်း လေ့ကျင့်မှုများနှင့် အဖွဲ့လိုက်လေ့ကျင့်မှုများကို မှန်မှန်ကန်ကန်လေ့ကျင့်ကာ တပ်မတော်သားတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်သန်စွမ်းမှုများ ရှိနေရန်လို** ကြောင်း။

အရည်အချင်းပြည့်ဝသည့် စစ်သည်များနှင့် အရည်အချင်းပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက် မှာကြားရာတွင် **တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်မည်ဟူသည့် မွန်မြတ်သည့်စိတ်ဆန္ဒဖြင့် တပ်မတော်သို့ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါရှိဘဲ Volunteer ဝင်ရောက်အမှုထမ်းကြသူများဖြစ်**ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် ပညာရပ်များသည် သဘောသဘာဝကို သင်ကြားပြသပေးလိုက်ခြင်းသာဖြစ်သဖြင့် မြေပြင်လက်တွေ့ကြုံတွေ့လာရသည့် အခက်အခဲများကို မိမိတို့၏ ထိုးထွင်းကြံဆမှုနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ကြုံတွေ့လာရသည့် အခက်အခဲများကို ဆန်းစစ်ပြီး တွေးခေါ်မြော်မြင်မှုဖြင့် ကျော်ဖြတ်နိုင်ရေးအတွက် ဉာဏ်ပညာကို အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့အသုံးချနိုင်ရေးအတွက် အသိပညာနှင့် ပြည့်စုံရန်လိုအပ်သည့်အတွက် မိမိတို့၏ အားလပ်ချိန်များတွင် အကျိုးရှိစေမည့် စာအုပ်စာပေများကို ဖတ်မှတ်ကြရန်လိုကြောင်း၊ **စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သည့်အတွက် အသေးအဖွဲ့ကအစ စည်းကမ်းလိုက်နာရမည်ဖြစ်ကာ မိမိတို့တစ်ဦးချင်းနှင့် တပ်များစွမ်းရည်မြင့်မားရေးအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မှန်မှန်ကန်ကန်လုပ်ဆောင်ကြရမည်ဖြစ်** ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် စစ်သည်တစ်ဦးချင်းအနေဖြင့် တပ်မတော်သားတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိရန်နှင့် ပင်ပန်းဆင်းရဲမှုများကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း။

### တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်

လက်ရှိ မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် တပ်မတော်အနေဖြင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေများအရ ယာယီသမ္မတ၏ တာဝန်ပေးအပ်မှုနှင့်အညီ နိုင်ငံတော်၏ တာဝန်များ လွှဲပြောင်းတာဝန်ယူထမ်းဆောင်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသည့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်က တာဝန်ရှိသူများထံသို့ ဥပဒေနှင့်အညီ တင်ပြတောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မ ရယူရန်အထိ ကြိုးပမ်းလာသည့်အတွက် ယခုအခြေအနေထိ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို လိုအပ်ချက်အရ ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်ကို နားလည်သဘောပေါက်ကြရန်လို**ကြောင်း၊ နိုင်ငံအတွင်းရှိ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားသည့် မြို့နယ် ၇ မြို့နယ်မှအပ အခြားမြို့နယ်များကို အရပ်ဘက်အုပ်ချုပ်ရေးစနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ပုံမှန်အတိုင်း လည်ပတ်သွားလာလျက်ရှိသဖြင့် မိမိတို့ကျရာတာဝန်များအလိုက် ကျေပွန်စွာ ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် **တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ ပြည်သူ၏ အစိတ်အပိုင်းဖြစ်သည့်အတွက် စစ်သားကောင်းပီသစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကာ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်** ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ကျေးဇူးတင်စကားပြောကြားရာတွင် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများနှင့်ပတ်သက်သည့် အမျိုးမျိုးသော အခမ်းအနားများ၊ အစည်းအဝေးပွဲများကို အဆင့်အတန်းမီစွာ ကျင်းပပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ မန္တလေးမြို့အတွက် ကျက်သရေဆောင် ခန်းမကြီးတစ်ခုကို ဖြည့်ဆည်းဆောက်လုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ ၇၈ လမ်းမှ ၇၃ လမ်းအထိ ပိတ်နေသောလမ်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ပိုင်မြေပေါ်မှ လမ်းဖောက်လုပ်ခွင့်ပေးခဲ့သည့်အတွက် မန္တလေးမြို့တော်သူ မြို့တော်သားများနှင့် မန္တလေးတက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများ သွားလာမှုကို လွယ်ကူချောမွေ့စေခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရတနာပုံခန်းမဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့နှင့် မြို့မတူရိယာအဖွဲ့မှ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အကအလှတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့နှင့် မြို့မတူရိယာအဖွဲ့အား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပုံခန်းမအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

## စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုများရှိကြောင်း၊ နိုင်ငံအတွင်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ ပေါများစွာရှိသဖြင့် တိရစ္ဆာန်အစာစပ်လုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှဝယ်ယူသုံးစွဲမှုများလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်ဈေးနှုန်းများအား ပြည်သူများ ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၁၇

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ဌာန၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမတွင် အခြေခံပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ CDM ပြုလုပ်နေသည့် ဆရာ ဆရာမများပြန်လည်တာဝန်ထမ်းဆောင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည်လည်း ချမ်းအေးသာစံမြို့နယ်ရှိ ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးနှင့် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံတို့သို့ သွားရောက်၍ ဆေးရုံများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအား လေးစားလိုက်နာရန်လိုအပ်မှုအခြေအနေများ၊ ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူနာများ၏ကောင်းကျိုးနှင့် ဝန်ကြီးဌာန၏ဂုဏ်ကို ရှေးရှုဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ခြိမ်းခြောက်နေသူများအား ထိထိရောက်ရောက် အရေးယူသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခုတင် (၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးတွင် ဆောက်လုပ်လျက်ရှိသည့် တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် PULLMAN ဟိုတယ်သို့သွားရောက်၍ ဟိုတယ်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ညွှန်ကြားချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်အတွင်း နိုင်ငံတကာ အဆင့်မီပြင်ဆင်ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရန် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သည့် ဦးပိန်တံတား၊ ကုသိုလ်တော်ဘုရား၊ မန္တလေးနန်းတွင်းပုံစံ၊ မန္တလေးမြို့တွင်း အကွက်ချပုံစံများကို ဒီဇိုင်းရေးဆွဲ၍ ဟိုတယ်အတွင်း အလှဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ်။

အဆိုပါဟိုတယ်တွင် အခန်းပေါင်း ၃၆၈ ခန်း ပါဝင်ပြီး နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် နိုင်ငံတကာအခမ်းအနားများ၊ အစည်းအဝေးပွဲများ ကျင်းပဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည်စီမံကိန်းဖြင့် တိုးချဲ့လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုးတို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့် ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခြင်းနှင့် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာမှုအခြေအနေများကြောင့် ယာယီသမ္မတ၏ တာဝန်လွှဲအပ်မှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းတာဝန်ယူခဲ့ရကြောင်း၊ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကိုချမှတ်၍ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ခေတ္တတာဝန်ယူထိန်းသိမ်းနေခြင်းသာဖြစ်ပြီး တာဝန်ယူဆောင်ရွက်နေသည့် ကာလအတွင်း အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အားကစားအောင်မြင်မှုများမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်ခိုင်မာမြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အလိုက် မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းများ တည်ဆောက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတွေ့ဆုံပွဲ အပြီး၌လည်း မန္တလေးမြို့ရှိ အားကစားရုံ၊ ကွင်းများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အားလုံးပါဝင်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို၊ မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့် စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားပြိုင်ဝင်းအတွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွင်းအဆင့်မြှင့်တင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေမြတ်နိုး၊ ပြည့်အကျိုး၊ သယ်ပိုးဆောင်တည်၊ ကြည်အောင် (ကေတုမတီ) သို့မဟုတ် (ဣန္ဒာဆွေ)

## မြင်းမူမောင်နိုင်မိုး

ကဗျာဆရာ ကြည်အောင် (ကေတုမတီ) ကို ၁၉၉၈ ခုနှစ် နှစ်လယ်ပိုင်းလောက်က စတင်တွေ့မြင်ခဲ့ဖူးသည်။ တကယ်တော့ ဆရာကြည်အောင် (ကေတုမတီ) သည် မြင်းမူမြို့ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သောကြောင့် ကျွန်တော်နှင့် တစ်ကျောင်းတည်းထွက်သူများဟု ဆိုနိုင်ပါသည်။ သို့သော် သူက ကျွန်တော့်ထက် တက္ကသိုလ်ဝင်တန်းအောင်တာ ၁၁ နှစ်စောပြီး အသက်လည်း ၁၁ နှစ်ခန့် ကြီးပါသည်။ ထို့ပြင် သူသည် စစ်ကိုင်းတိုင်း မြောင်မြို့နယ် သောင်ကြီးကျေးရွာသားဖြစ်သလို ကျွန်တော်ကလည်း မြောင်မြို့အလယ်ရပ်မှာ မွေးဖွားသောမြောင်မြို့သား ဖြစ်သည်။

ကျွန်တော်နှင့် စတင်တွေ့ဆုံတော့ သူက ဗိုလ်ချုပ်အဆင့် ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်၏။ ဝန်ကြီးက ကျွန်တော့်ကို တွေ့ဆုံလိုကြောင်း အကြောင်းကြားပေးသူမှာ ထိုစဉ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (စာရေးဆရာ–ချစ်နိုင် (စိတ်ပညာ)) ယခု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပင် ဖြစ်လေသည်။

ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေမည့်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ် တာဝန်ပေးအပ်ရန် ဆန္ဒရှိသဖြင့် ကျွန်တော့်သဘောထားကို ခေါ်ယူမေးမြန်းခြင်း ဖြစ်သည်။ ကျွန်တော်က လုပ်လိုပါသည်ဟု သဘောတူပြီးသည်နှင့် မဂ္ဂဇင်းထုတ်ဝေရေးအတွက် လိုအပ်သည်များကို အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ရပါတော့သည်။ ၁၉၉၈ ခုနှစ် ဩဂုတ်လခန့်က စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၉ ခုနှစ် မတ်လတွင် မဂ္ဂဇင်းစတင်ထုတ်ဝေနိုင်ခဲ့သည်။ မဂ္ဂဇင်းအမည် ရွေးချယ်သည်ကိုက လေးလခန့် ကြာပါသည်။ အကြိမ်ကြိမ်အထပ်ထပ် အမည်အမျိုးမျိုး စဉ်းစားရှာဖွေတင်ပြပြီးမှ နောက်ဆုံးတွင် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းဟူသည့် အမည်ကို အတည်ပြုပေးခဲ့ပါတော့သည်။

### စာပေဂီတမြတ်နိုးလှသူ

ဝန်ကြီးသည် တပ်မတော်တွင် တိုင်းမှူးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့ပြီးမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်ရခြင်းဖြစ်၏။ သူသည် ငယ်စဉ်ကတည်းက စာပေဂီတ အနုပညာ လုပ်ငန်းများတွင် အထူးစိတ်ဝင်စား၏။ အသက် ၁၇ နှစ်အရွယ်တွင် ကျောင်းမဂ္ဂဇင်းတစ်အုပ်ကို အောင်မြင်စွာ ထွက်ပေါ်နိုင်ရေး သူတစ်ယောက်တည်းက အယ်ဒီတာအလုပ်ရော၊ စာရေးဆရာအလုပ်ရော စာပြင်ဆရာအလုပ်ပါ လုပ်ခဲ့၏။ ငယ်စဉ်ကပင် မယ်ဒလင်တီး သီချင်းဆိုခြင်း၌ အလွန်ဝါသနာထုံခဲ့၏။ သူငယ်စဉ်က ကျောင်းသားဘဝ သီချင်းဆိုကြသောအခါ တေးသံရှင်အမည်မှာ ပွင့်သစ်စ ကြည်အောင်ဖြစ်ကြောင်း သိရပါသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် စာတည်းမှူးချုပ် တာဝန် ထမ်းဆောင်ရင်း မြင်းမူမြို့က သူ့သူငယ်ချင်း မိတ်ဆွေများအကြောင်း၊ မြောင်မြို့၊ နဘက်မြို့များ အကြောင်း မကြာခဏ ပြောဆိုဖြစ်ကြပါသည်။ ရပ်ရွာဒေသ မွေးဇာတိမြေအား သံယောဇဉ်ကြီးမားသူ ဖြစ်ပါ၏။ နှစ်စဉ်ကျောင်းဖွင့်ချိန်များ ရောက်တိုင်း မြောင်မြို့၊ နဘက်မြို့၊ မြင်းမူမြို့များသို့ ကျောင်းသုံးစာအုပ်များ သွားရောက်လှူဒါန်းလေ့ရှိသည်။ ထိုသို့သွားရောက်လှူဒါန်းတိုင်းလည်း ကျွန်တော်လိုက်ပါခဲ့ရသည်။ သူနှင့်အတူ ဆယ်တန်းအောင်မြင်ခဲ့ကြသည့် သူ့သူငယ်ချင်းများ (ဦးမောင်မောင်၊ ဒေါ်ကြည်ကြည်၊ဒေါ်တင်ရီညွှန့်၊ ကိုကံညွှန့်) တို့ကိုလည်း စာအုပ်လှူဒါန်းပွဲများတွင် တရင်းတနှီးပြောဆိုနေကြသည်ကို တွေ့ရသည်။ တစ်ခါမှာတော့ မြင်းမူအထက်တန်းကျောင်းမှ ကျောင်းသားလေးတစ်ဦးက စာအုပ်လှူဒါန်းပွဲတွင် သီချင်းလေးတစ်ပုဒ်ကို မယ်ဒလင်ဖြင့် တီးခတ်ပြ၏။ ထိုသီချင်းမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ကျောင်းတွင်း သီချင်းဆို ပြိုင်ပွဲတွင် ပွင့်သစ်စ ကြည်အောင် သီဆိုဆုရခဲ့သည့် သီချင်းလေးဖြစ်ပါကြောင်း အခမ်းအနားမှူးက ကြေညာသည်။

ဝန်ကြီး၏မျက်နှာကို ကျွန်တော်လှမ်း၍ ကြည့်မိစဉ် ကြည်နူးပီတိဖြင့် ပြုံးရွှင်နေသည်ကို မြင်လိုက်ရ၏။ မှတ်မိနေပါသေးသည်။ ထိုနေ့က မယ်ဒလင်လေးတီးပြခဲ့သူသည် ဝန်ကြီး၏ သူငယ်ချင်း ဦးကံညွှန့်၏သား မောင်အောင်သက်ထွန်း ဖြစ်ပါ၏။ ဝန်ကြီးက ...

"အဲဒီသီချင်းက ငါတို့မြင်းမူကျောင်းအုပ် ဆရာကြီး ဦးသန်းဖေ ရုရှားနိုင်ငံကို ပညာတော်သင်သွားပြီး ပြန်အလာမှာ ကျင်းပတဲ့ ဆရာကြီးကို ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲကွ။ ငါ့ကို သီချင်းရေးပေးသူက ကိုဝင်းကိုလေ" ကိုဝင်းကိုဆိုသူမှာ ကျွန်တော်တို့ ပဥ္စမတန်းနှစ်က ကျွန်တော်တို့၏ အတန်းပိုင်ဆရာ ဦးဝင်းကိုဖြစ်၏။

### နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အသက်သွင်းသူ

စာပေဂီတကို အလွန်ဝါသနာကြီးလှသော



ဗိုလ်ချုပ်ကြည်အောင်၊ ဆရာဦးလှမြိုင်(ကိုဆောင်း)၊ ဦးမျိုးသန့်(မောင်ဆုရှင်)တို့နှင့်အတူ ပင်းတယဒေသသို့ သွားရောက်ခဲ့စဉ်။

ဦးကြည်အောင်သည် ပြန်ကြားရေးဝန်ကြီးဖြစ်လာသောအခါ စာပေပညာရှင်များ၊ ဂီတပညာရှင်များနှင့် ပိုမိုနီးကပ်စွာဆက်ဆံပြီး စာပေဂီတအကျိုးကို ပိုမို၍ သယ်ပိုးဆောင်ရွက်ခဲ့၏။

၁၉၉၇၊ ၁၉၉၈ ခုနှစ်ခန့်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ယခု မြန်မာနိုင်ငံ စာရေးဆရာအသင်း) မှာ အမည်နာမသာ ခံ့ညားမှုရှိသော်လည်း ထိုအမည်နာမနှင့် လိုက်ဖက်သည့်ရုံးခန်း မရှိသေးပေ။ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်၏ ဒုတိယထပ်တွင် ကျယ်ဝန်းသောနေရာ တစ်နေရာကို စီစဉ်ပေးခဲ့လေသည်။ ထို့အပြင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတည်ထောင်ပေးရခြင်းမှာလည်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စာပေများ ရေးသားနိုင်ကြစေရန် နေရာတစ်နေရာ၊ စင်မြင့်တစ်ခုအဖြစ် ဖန်တီးစီစဉ်ပေးခြင်းဖြစ်သည်ဟု မကြာခဏပြောဆိုပါသည်။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁) မှစ၍ မဂ္ဂဇင်း၏ နာယကများအဖြစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တစ်ဖွဲ့လုံးကို အမည်နှင့်တကွ သတ်မှတ်ဖော်ပြပေးရပါသည်။

ဝန်ကြီးသည် စာပေပညာရှင်များကို အထူးလေးစားတန်ဖိုးထားသည်။ ထိုစဉ်က ဆရာပါရဂူ၊ ဆရာမောင်ဆုရှင်၊ ဆရာတက်တိုး၊ ဆရာကျော်အောင်၊ ဆရာဦးလှမြိုင် (ကိုဆောင်း)၊ ဆရာဆင်ဖြူကျွန်း အောင်သိန်း၊ ဆရာမကြီး ဒေါ်စောမုံညင်း၊ ဒေါ်နုယဉ်၊ ကထိက ဒေါ်မြင့်သန်းတို့ထံမှ စာမူများ မဂ္ဂဇင်းတွင် မကြာခဏဖော်ပြနိုင်ရန် ဆောင်ရွက်ဖို့ နှိုးဆော်လေ့ရှိပါသည်။ ဝန်ကြီး၏ဆန္ဒမှာ ကလောင်ဟောင်းဆရာကြီး၊ ဆရာမကြီးများ၏ စာမူများကို အလေးထားသင့်သလို ကလောင်သစ်များကိုလည်း နေရာပေး မြေတောင်မြှောက်ပေးရေးပင် ဖြစ်၏။

သူကိုယ်တိုင်လည်း ကဗျာများ၊ စာများရေးသည်။ ဝန်ကြီးသည် မန်းတက္ကသိုလ်တွင် ကျောင်းတက်စဉ်က ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ သင်ကြားပို့ချချက်များကို ခံယူခဲ့ရသည်ဖြစ်၍ မြန်မာစာပေကို အလွန်တရာ အလေးထား၏။ ပါဠိဘာသာကို အလွန်မြတ်နိုး၏။ အကြောင်းကိစ္စတစ်ရပ်ရပ်ဖြင့် စကားပြောဆိုလေတိုင်း ဝန်ကြီးထံမှ သူအလွတ်ရကျက်မှတ်ထားသည့် ပါဠိပါဒ်သားများကို ကြားနာရ၏။

သူရေးဖွဲ့ခဲ့သည့် ကဗျာအများစုမှာ မြတ်ဗုဒ္ဓ၏ တရားဓမ္မ အရိပ်အငွေ့များ လွှမ်းခြုံလျက်ရှိ၏။ ပါဠိဘာသာ၊ ပါဠိစကားလုံးများဖြင့် ထုံမွမ်းအလှဆင်လျက်ရှိ၏။ အောက်ပါကဗျာကို ဖတ်ရှုကြည့်စေချင်သည်။

### အကန်းနှစ်မျိုး

☆ ဖြူနီညိုပြာ၊ ဆင်းရောင်ဝါနှင့်<br>ဘယ်ဟာ အလင်း၊ ဘယ်သင်း အမှောင်<br>ဘယ်တောင် ဘယ်တော၊ ဩကာသနှင့်<br>သတ္တလောက၊ မမြင်ရလျှင်<br>မံသစက္ခု အကန်းဟု။<br>ဆိုမှု ထိုက်လှစွာ။

☆ ဖြစ်ပျက် ဖောက်ပြန်၊ ရုပ်နှင့် နာမ်ကို<br>ဇောက်မလွဲ၊ တလွဲတချော်<br>မလျော်မကန်၊ အမှန်မသိ<br>အရှိကို မရှိ၊ မရှိကို အရှိ<br>မှားယွင်းသိက<br>ခေါ်ဘိ အဝိဇ္ဇာ၊ လူ့မိစ္ဆာကို<br>ဉာဏစက္ခု အကန်းဟု။<br>ဆိုမှုထိုက်သည်သာ။

☆ အကန်းကမ္ဘာ၊ ဤလူ့ရွာမှာ<br>ကန်းတာ နှစ်မျိုး၊ အဖြစ်ဆိုးမို့<br>ကိုယ်ကျိုးနည်းရ၊ ယခုဘဝ။<br>သံသရာခရီး မှောင်ကြီးကျ။<br>အဝိဇ္ဇာတိုက် မိုက်လွန်းစွ။

ကြည်အောင် (ကေတုမတီ)<br>နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၉၅)<br>၂၀၁၇ ခုနှစ်၊ မတ်လ။



ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ တာဝန်ပေးအပ်ချက်အရ အမေဒေါ်မေရှင်ထံသို့ စာရေးသူက ငွေကျပ်တစ်သိန်း သွားရောက်ကန်တော့စဉ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**အမျိုးသားစာပေတစ်သက်တာဆု**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်စဉ်အတွင်း စာပေလောကအတွက် ဝန်ကြီး၏ထင်ရှားသော ဆောင်ရွက်ချက်တစ်ရပ်မှာ အမျိုးသားစာပေတစ်သက်တာဆုကို တီထွင်ချီးမြှင့်ပေးခဲ့ခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာ၏။ ထိုအခါ ထိုင်းနိုင်ငံက ဦးဆောင်ကျင်းပသော အာဆီယံစာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်ကာ နှစ်စဉ်နှစ်တိုင်း စာပေပညာရှင် တစ်ဦးကျ အဆိုပါဆုကို ရယူခွင့် ပေါ်ပေါက်ခဲ့ပါ၏။ ၁၉၉၈ ခုနှစ်တွင် ဆရာ ဆင်ဖြူကျွန်းအောင်သိန်း၊ ၁၉၉၉ ခုနှစ်တွင် ဆရာကျော်အောင်၊ ၂၀၀၀ ပြည့်နှစ်တွင် ဆရာမကြီး ဒေါ်စောမုံညင်း၊ ၂၀၀၁ ခုနှစ်တွင် ဆရာတက္ကသိုလ်ထင်ကြီးတို့ ဆုများအသီးသီး ရယူခဲ့ကြ၏။

၂၀၀၂ ခုနှစ်တွင် ဆရာပါရဂူကို သွားရောက်ဆုယူရန် အဖွဲ့က ရွေးချယ်ထားပြီးဖြစ်သော်လည်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပေါ်ပေါက်လာသည့် နိုင်ငံရေးအခြေအနေအရ ဆရာပါရဂူ သွားရောက်ဆုယူခွင့် မရခဲ့ချေ။ ထိုအခါ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က သက်ဆိုင်ရာ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးကာ အာဆီယံစာပေဆုကဲ့သို့သော ဆုမျိုးနှင့်အပြိုင် ဆုတစ်မျိုးကို တီထွင် ချီးမြှင့်ခဲ့လေသည်။ ထိုဆုအမည်မှာ အမျိုးသား စာပေတစ်သက်တာဆုဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ဆရာပါရဂူက ဦးစွာပထမ ဆွတ်ခူးရယူနိုင်ခဲ့ပေသည်။ ယခုအခါ အမျိုးသားစာပေတစ်သက်တာဆွတ်ခူးရရှိသူ စာပေပညာရှင် စုစုပေါင်း ၂၀၀၂ မှ ၂၀၁၉ အထိ ၂၉ ဦး ရှိခဲ့ပေပြီ။ ဆုရရှိသူ ဆရာကြီး၊ ဆရာမကြီးများမှာလည်း မိမိတို့၏ ဘဝတစ်သက်တာလုံး စာပေ၌သာ မြှုပ်နှံထားရှိခဲ့သည်ကို အသိအမှတ်ပြုသောအားဖြင့် ချီးမြှင့်ခြင်းခံရသည်ဖြစ်၍ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ကြရပေသည်။ သို့ရာတွင် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ထိုဆုကိုမည်သူက တီထွင်ချီးမြှင့်ခဲ့သည်ဆိုသည်ကိုတော့ သိရှိမှတ်မိသူ နည်းပါးပေလိမ့်မည်ဟု ထင်မြင်မိပါသည်။

**စာပေဂီတအနုပညာရှင်များကို ချစ်မြတ်နိုးသူ**

ဗိုလ်ချုပ်ကြည်အောင် ပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျွန်တော်နှင့် ဆရာမောင်ဆုရှင်ကို မန္တလေးမြို့ရှိ အဆိုတော်ကြီး ဒေါ်မေရှင်ထံသို့ သွားရောက်ကာ ငွေကျပ်တစ်သိန်း ကန်တော့စေခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ဖြစ်ပါသည်။ ထိုစဉ်က အမေဒေါ်မေရှင်က ဆုများတသီကြီးပေးပြီး ကျွန်တော်တို့အပြန်တွင် သူ့အိမ်ပေါက်ဝမှ လက်ကလေးပြကာ အမေ့ဘဝက ဆည်းဆာချိန်ရောက်နေပြီ သားတို့ရယ်ဟု နှုတ်ဆက်ပြောဆိုခဲ့သည်ကို ယနေ့တိုင် မမေ့နိုင်ပါပြီ။

ဗိုလ်ချုပ်ကြည်အောင်သည် ဝန်ကြီးတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်ဖြင့် ခရီးသွားလာသည့်အခါ စာပေပညာရှင်၊ ဂီတပညာရှင်များကို ဒေသန္တရ ဗဟုသုတရစေခြင်းအလို့ငှာ သူနှင့်အတူ ခေါ်ယူသွားလေ့ရှိသည်။ သူနှင့်အတူ ခရီးသွားရသည့်အခါတိုင်း သီတဂူဆရာတော်ဘုရားကြီးနှင့်ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးတို့ ဟောကြားခဲ့သော တရားတော်များကို ခရီးဖော်များသို့ မကြာခဏပြန်လည်မျှဝေပေးပါသည်။ မူရင်းဟောကြားသူ မဟုတ်စေကာမူ ဗိုလ်ချုပ်၏ အာဝဇ္ဇန်း ရွှင်လန်းမှု၊ ယုံကြည်မှု၊ သဒ္ဓါထက်သန်မှုတို့ကြောင့် နာကြားရသူတို့မှာ ကုသိုလ်ဖြစ်အကျိုးများလှသည်။

**ဆရာဦးလှမြိုင် (ကိုဆောင်း)၊ ဆရာမောင်ဆုရှင်တို့နှင့် အတူ**

၂၀၀၂ ခုနှစ် မတ်လ ၂၀ ရက်နေ့ခန့်က ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့သို့ ဝန်ကြီး



ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏တာဝန်ပေးအပ်ချက်အရ ရေတာရှည်အရှေ့ခြမ်းဒေသသို့ ကျေးလက်ခလေ့များ သွားရောက်လေ့လာစဉ်။ (ဂီတစာဆိုဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်ဦးကိုကို၊ မြင်းမူမောင်နိုင်မိုး၊ ညွန့်ဟံ (ကြူတော)၊ အဆိုတော်ခိုင်ဝါ)

**❑ ဗိုလ်ချုပ်ကြည်အောင်သည် ဝန်ကြီးတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်ဖြင့် ခရီးသွားလာသည့်အခါ စာပေပညာရှင်၊ ဂီတပညာရှင်များကို ဒေသန္တရ ဗဟုသုတရစေခြင်းအလို့ငှာ သူနှင့်အတူ ခေါ်ယူသွားလေ့ရှိသည်။ သူနှင့်အတူ ခရီးသွားရသည့်အခါတိုင်း သီတဂူဆရာတော်ဘုရားကြီးနှင့် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးတို့ ဟောကြားခဲ့သော တရားတော်များကို ခရီးဖော်များသို့ မကြာခဏပြန်လည်မျှဝေပေးပါသည်။ မူရင်း ဟောကြားသူ မဟုတ်စေကာမူ ဗိုလ်ချုပ်၏ အာဝဇ္ဇန်း ရွှင်လန်းမှု၊ ယုံကြည်မှု၊ သဒ္ဓါ ထက်သန်မှုတို့ကြောင့် နာကြားရသူတို့မှာ ကုသိုလ်ဖြစ်အကျိုးများလှသည်**

ခရီးစဉ်ဖြင့် သွားရောက်ရင်း ဝန်ကြီးမိသားစု၏ အလှူသဘင်ပွဲတစ်ခုသို့ တက်ရောက်ခဲ့ရသည်။ ထိုစဉ်က စာပေစာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် ကျွန်တော်ပါ လိုက်ပါခဲ့ရပါသည်။ ဆရာကြီး ဦးလှမြိုင်က စကားပြောလျှင် "ကျွန်တော်တို့က အသက်ကြီးပါပြီ" ဟု သူ့နှုတ်ခမ်းကို လက်ကလေး တကာကာဖြင့် ပြောတတ်သည်။ ထိုအခါ ဝန်ကြီးက ဘယ်ကလာ အသက်ကြီးရမှာလဲ ဆရာဆောင်းက သွားတောင်မပေါက်သေးဘူးဟု ရယ်ရယ်မောမော ပြောလေလျှင် ဆရာဦးလှမြိုင်က သွားမရှိသော သွားဖုံးလေးဖြင့် မျက်စိလေးများ မှေးနေအောင် ရယ်ပြုံးနေသည်ကို မြင်ယောင်မိသေးတော့သည်။

ထိုခရီးစဉ်တွင် သီတဂူဆရာတော်ကြီး လိုက်ပါတော်မူခဲ့သည်။ တည်းခိုရာဟိုတယ်တွင် ကျွန်တော်က နံနက်စောစောထကာ ဆရာတော်ကြီး သုံးဆောင်ဘုဉ်းပေးရန် သဘော်သီးမှည့်နှင့် သံပရာသီးခြမ်းလေးကို ဆက်ကပ်ကုသိုလ်ယူရသည်။ ထို့ကြောင့် ထိုခရီးစဉ်လေးကို တွေးကြည့်တိုင်း ပီတိဖြစ်ရသည်။ ပင်းတယမြို့တွင် ဝန်ကြီးတို့ မိသားစု ပြုလုပ်သည့် အလှူမှာ "ကောယန ဝိဟာရ" အမည်ရှိ တစ်ပါးထိုင် ကျောင်းသင်္ခမ်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။ နံနက်ပိုင်း အလှူပြီးသည့်နောက် ညချမ်းအချိန်တွင် ပုန်းတလုတ်ကန်နံဘေးရှိ ပင်းတယမြို့ ဓမ္မာရုံတွင် သီတဂူဆရာတော်ကြီးက ကောယန မြတ်ဓမ္မတရားတော်ကို ဟောကြားချီးမြှင့်တော်မူသည်။ ၂၀၀၂ ခုနှစ် မတ်လ ၂၂ ရက်နေ့ ဖြစ်လေသည်။

**လောကနီတိစာအုပ်ပြုစုခြင်း**

၂၀၀၀ ပြည့်နှစ် နှစ်ဦးပိုင်းကာလ ဖြစ်ပါသည်။ ဝန်ကြီး၏လမ်းညွှန်ချက်အရ ဝန်ကြီးဦးဆောင်သည့် ပြန်ကြားရေးဝန်ကြီးဌာန စာပြုအဖွဲ့ကို ဖွဲ့စည်းကာ လောကနီတိစာအုပ် ပြုစုထုတ်ဝေရေး စီစဉ်ဆောင်ရွက်ပါသည်။ ထိုအဖွဲ့တွင် ကျွန်တော်၊ ဦးကျော်မင်း (မင်းကျော်မင်း)၊ ဦးစိုးမြင့် (New Light of Myanmar)၊ ဦးမြလှိုင် (မြတ်မင်းလှိုင်)တို့ ပါဝင်သည်။ ကျွန်တော်နှင့် ဦးမြလှိုင်က မြန်မာလို စာတိုင်တည်ကာ ရေးသားပြီး ဦးကျော်မင်းနှင့် ဦးစိုးမြင့်က အင်္ဂလိပ်လို ပြန်ဆိုသည်။ ကျွန်တော်တို့ တင်ပြသော စာသားကို ဝန်ကြီးက အထပ်ထပ်စိစစ်တည်းဖြတ်ပြီးမှ နေ့စဉ်ထုတ်သတင်းစာများသို့ ပေးပို့သည်။ နေ့စဉ်ထုတ်သတင်းစာများ၏ ကျောဘက်တွင် "ပညာရှိစကား မှတ်သားနာယူ" ဟူသော ခေါင်းစဉ်ကြီးအောက်တွင် လောကနီတိဟူ၍ ထပ်မံဖော်ပြသည်။ အလွန်လူကြိုက်များလှပါ၏။ ထိုစာပုဒ်များကို တစ်ပေါင်းတစ်စည်းတည်းပြုလျက် လောကနီတိပေါင်းချုပ် စာအုပ်ထုတ်ဝေသည်။ ဝယ်ယူသူများပြားလှသဖြင့် အကြိမ်ကြိမ်အထပ်ထပ် ရိုက်နှိပ်ရသည်ဖြစ်ရာ သိန်းဂဏန်းချီ၍ ရိုက်နှိပ်ခဲ့ရလေသည်။

**ကျေးလက်ဂီတ မြတ်နိုးလှသူ**

ဝန်ကြီးသည် မြန်မာ့ရိုးရာ ကျေးလက်တေးဂီတများကို လွန်စွာမြတ်နိုး၏။ တိမ်မြုပ်နေသော ကျေးလက်တေးများကို အများပြည်သူ ပြန်လည်နားဆင်ရလေအောင် ဖော်ထုတ်ပေး၏။ ၂၀၀၀ ပြည့်နှစ်အတွင်းကပင် စစ်ကိုင်းတိုင်းဒေသကြီး ဆင်တပ်ကျေးရွာမှ ဆင်တပ်ဗြော၊ မိုးဇာဗြောတို့ကို ပြန်လည် ထွန်းသစ်လာစေရန် ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းမြို့၊ မြင်းမူမြို့နှင့် ငါန်းဇွန်မြို့နယ် ဆင်တပ်ကျေးရွာအထိ အနုပညာရှင်ကြီးများ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းကာ သွားရောက်လေ့လာစေပါသည်။

ထိုအဖွဲ့တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ ကျွန်တော်၊ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ စာရေးဆရာညွန့်ဟံ (ကြူတော)၊ တေးသံရှင်ခိုင်ဝါတို့ ပါဝင်လေသည်။

စစ်ကိုင်းတိုင်းအတွင်း ကျေးလက်ဒေသများအထိ ကွင်းဆင်းလေ့လာ၊ မေးမြန်း၊ ရိုက်ကူးမှုများ ပြုလုပ်ပြီးတော့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်အရှေ့ခြမ်း၊ ကျိုပွတီးခင်တန်း၊ ပိတောက်ကုန်း၊ စည်ပိုင်း အစရှိသော ကျေးရွာများမှ ကောက်စိုက်မများ၏ ထူးထူးခြားခြား လုပ်ငန်းခွင်ဝင်ပုံများကို သွားရောက်လေ့လာ မေးမြန်းရိုက်ကူးရပြန်သည်။ ထိုဒေသ ထိုကျေးရွာများတွင် ကောက်စိုက်လုပ်ငန်းခွင်ဝင်ပုံမှာ ထူးခြားလှ၏။ နံနက်စောစော လုပ်ငန်းခွင်ဝင်ရန် အမျိုးသမီးကောက်စိုက် ခေါင်းဆောင်က တစ်ရွာလုံးကို လှည့်လည်နှိုးဆော်၏။ လူစုံပြီဆိုလျှင် အတီးအမှုတ် အကအခုန်များ၊ ဗုံများ လင်းကွင်းနှင့် ကောက်စိုက်ဆင်းကြ၏။ ထိုရှုခင်း မြင်ကွင်းများကို ရှုမြင်ရသည်မှာ ကြည်နူးစရာ၊ ပျော်ရွှင်စရာ၊ အားတက်စရာ ကောင်းလှ၏။ ဝန်ကြီးသည် အရာရှိငယ်ဘဝက ထိုဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ထိုရိုးရာဓလေ့များကို လွန်စွာနှစ်သက်သဘောကျ၏။ ယခု သူပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ရသောအခါ ကျေးလက်ဒေသ၏ ချစ်စရာ ရိုးရာဟန် ရိုးရာဓလေ့များကို တစ်နိုင်ငံလုံးမှ ပြည်သူများ လေ့လာသိရှိနိုင်စေရန် ယခုကဲ့သို့ စာပေအနုပညာရှင်များကို စေလွှတ်ကာ ကွင်းဆင်းရိုက်ကူးစေပြီး မြန်မာ့ရုပ်သံမှတစ်ဆင့် ထုတ်လွှင့်ပြသစေခြင်း ဖြစ်ပါ၏။

ကျိုပွတီးခင်တန်း ရေတာရှည် အရှေ့ခြမ်းရှိ ကျေးလက်ဒေသများ၏ ချစ်စဖွယ်လုပ်ငန်းခွင်ဝင်ဟန်ကို ဝန်ကြီးက ကြည်အောင် (ကေတုမတီ) ကလောင်အမည်ဖြင့် ကဗျာတစ်ပုဒ်ရေးဖွဲ့ခဲ့၏။ ထိုကဗျာကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၂၀၀၁ ခုနှစ် ဇွန်လ) ထုတ်တွင် ဖော်ပြခဲ့ပါသည်။

**ဗုံရကွင်းနှင့် ကောက်စိုက်ခင်**

ပုံချမ် ပုံချမ် ဗုံရကွင်းနဲ့
လုံမေတစ်သင်း ကောက်နန်းဝင်။
သူတို့ရပ်ရွာ သူတို့တေးမို့
နားဝင်ချိုအေး မြူးပျော်ရွှင်။
လယ်ကွက်တစ်ခို ကောက်ပင်စိမ်းနဲ့
မြရောင်လိမ့်လျက် ရေဘောင်ဘင်။
ဟိုတောင်ဆီမှာ မိုးညိုဝိုင်းပေ့ါ
ရှစ်ခွင်ရပ်တိုင်း အုံ့မှိုင်းဆင်။
မိုးသက်လေနှင် ဝေ့ကာဖျန်းတော့
မေ့မှာချမ်းလို့ လွမ်းရော့ထင်။
မမှုအားပေါင် သည်အချမ်းဖြင့်
ဂရုမထားပေါင် သည်အလွမ်းဖြင့်
ကောက်နန်းပြီးဖို့ အားစိုက်နှင်။
သူနိုင် ကိုယ်နိုင် အပြိုင်ကြဲမှ
သည်လယ်တစ်ပွဲ အောင်ပွဲဆင်။
အားတက်စရာ ဗုံသံအလိုက်က
ကောက်စိုက်ခင်အတွက် အားဆေးပင်။
တီးကွက်တွင် --- စည်းချက်ဝင်
ဗုံရကွင်းနဲ့ ကောက်စိုက်ခင်။

(ဤကဗျာဖြင့် ရေတာရှည် အရှေ့ခြမ်း ဆွာ၊ ကျိုပွတီးခင်တန်း၊ ပိတောက်ကုန်း၊ စည်ပိုင်းဒေသမှ ကောက်စိုက်အဖွဲ့များအား ရည်ညွှန်းပါသည်)

ကြည်အောင် (ကေတုမတီ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း-၂၀၀၁ ခုနှစ် ဇွန်လ

ကြည်အောင် (ကေတုမတီ) ရေးဖွဲ့သော ရသစုံကဗျာများကို စုပေါင်းကာ နိုင်ငံ့ဂုဏ်ရည် ကဗျာများ ဟူသောအမည်ဖြင့် ၂၀၁၅ ခုနှစ်က ကဗျာပေါင်းချုပ်စာအုပ်အဖြစ် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ။

# (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၇

**(၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့၊ ဩဝါဒါစရိယဥက္ကဋ္ဌ ဆရာတော် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် သာသနဝ္ဂုဏ်ရည်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တပညိသရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋ္ဋံသကာပါဠိသိရောမဏိ) က သာရဏီယ ဩဝါဒကထာကို မိန့်ကြားတော်မူသည်။ **(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသ (ဝဋ္ဋံသကာပါဠိသိရောမဏိ) ၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၁၁ တွင် ဖော်ပြထားပါသည်)**



ပြည်ထောင်စုဝန်ကြီး ဦးကိုကို (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖြေဆိုတော်မူကြသော စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။

## နှစ်စဉ်မပျက် ကျင်းပ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနဝ္အာဇာနည်ရွေးချယ်ပွဲကြီးကို ၁၃၁၀ ပြည့်နှစ် ပထမအကြိမ်မှ စတင်၍ နှစ်စဉ်မပျက် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခု ၁၃၈၃ ခုနှစ်တွင် (၇၃) ကြိမ်မြောက်တိုင် ရောက်ရှိခဲ့ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သော (၇၂)ကြိမ်မြောက် စာမေးပွဲကြီးအထိ ၇၂ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဝ္အာဇာနည် အရှင်မြတ်ကြီး ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနဝ္အာဇာနည် အရှင်မြတ်ကြီး ခုနစ်ပါးတို့ ပေါ်ထွန်းခဲ့ပြီဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသည် သာသနာတော်ကြီး၏ ရေသောက်မြစ် ရှင်သန်အောင် ပြုစုရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ယခုနှစ်ကျင်းပသော (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း ကျရောက်နေသော အချိန်နှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် နှစ်စဉ်ပုံမှန် ကျင်းပမြဲဖြစ်သော ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျင်းပနိုင်ခဲ့ခြင်း မရှိသော်လည်း တိပိဋကဓရ ဩဝါဒါစရိယဆရာတော်များ၏လျှောက်ထားချက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် သဘောရေးဖြေသက်သက် ကျင်းပပြုလုပ်ရသော စာမေးပွဲကြီးဖြစ်သောကြောင့် ထူးခြားသော မှတ်တိုင်တစ်ခုဟု ဆိုရမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်းပထမပြန်စာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစားဆောင်၌ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော်များအား အလှူရှင် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးရဲမြင့်နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လေးမြင့် မိသားစုတို့နှင့်အတူ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသုဓမ္မာစာရာ ဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ) ထံမှ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းလောင်း အမျှပေးဝေသည်။

မွန်းလွဲပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီး ၁၀ ပါးတို့အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေကျပ် သုံးသိန်းစီကို ဆက်ကပ်လှူဒါန်းသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖြေဆိုတော်မူကြသော အဘိဓမ္မာ (ရှေ့ပိုင်း) စာဖြေသံဃာ ခြောက်ပါး၊ အဘိဓမ္မာ (နောက်ပိုင်း) စာဖြေသံဃာ ခြောက်ပါး၊ ဒီဃနိကာယ် စာဖြေသံဃာ ၂၄ ပါး၊ ဝိနည်း(ရှေ့ပိုင်း) ၆၅ ပါး စုစုပေါင်း စာဖြေသံဃာတော် ၁၀၁ ပါးတို့အား ဖူးမြော်ကြည်ညိုသည်။

အဆိုပါ (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ မေ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကာ စာဖြေသံဃာ ၁၇၁ ပါး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် ပတ်သက်၍ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၇**

လူမှုဝန်ထမ်းဦးစီးဌာနတွင် ကိုဗစ်-၁၉ ကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့်လုပ်ငန်းများ အကောင် အထည်ဖော်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

## စီမံချက်များသည် အလွန်အရေးကြီး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် စီမံချက်များသည် အလွန်အရေးကြီးပါကြောင်း၊ မူလတန်းကြိုကျောင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ Social Distancing ဖြင့် ဖွင့်နိုင်ရေးစီစဉ်နေပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် အတူယှဉ်တွဲနေထိုင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရန်ကိုလည်း ဆွေးနွေးစေလိုပါကြောင်း၊ Reporting System သည် အရေးကြီးပါကြောင်း၊ မုတ်သုံရာသီရောက်ပြီဖြစ်သည့်အတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကြိုတင်ခန့်မှန်းလို့ရသည့် သတင်းအချက်အလက်များကိုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ဥပမာ - လျှပ်စီးအန္တရာယ်နှင့် ကြုံတွေ့ရလျှင် မည်သို့ဆောင်ရွက်သင့်သည်ကို အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။



## အထူးအလေးပေး ဆောင်ရွက်စေလို

ယင်းနောက် ဒုတိယဝန်ကြီးက မူလဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည့်ကိစ္စများ၊ ထပ်မံဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပုဂ္ဂလိကအထူး ပညာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန်များကို အထူးအလေးပေး ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှု၊ မသန်စွမ်းသင်တန်းကျောင်း ခုနစ်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး အစီအစဉ်များ၊ ပုဂ္ဂလိက မသန်စွမ်းသက်မွေးပညာသင်အထူးကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအစီအစဉ်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒ (မူကြမ်း) ရေးဆွဲခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေ(မူကြမ်း) ရေးဆွဲခြင်း၊ လူငယ်ရေးရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အစီအစဉ်များ၊ မူလတန်းကြိုကျောင်းများ အနေဖြင့် ဆောင်ရွက်ရမည့် ကျောင်းအတွင်း/အပြင် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power point များဖြင့် အသီးသီး ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ဆက်လက်လုပ်ဆောင်ရမည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံသကာပါဠိသိရောမဏိ) မိန့်ကြားတော်မူအပ်သော သာရဏီယ သြဝါဒကထာ

{၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်) တနင်္လာနေ့}

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်၍ ရေးဖြေ ဖြေဆိုတော်မူကြသည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ လောင်းလျာ သာသနဒ္ဓဇာနည် အရှင်မြတ်တို့နှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အမှုးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား သြဝါဒစကား မြွက်ကြားလိုပေသည်။

**မှတ်တမ်းတစ်ခုအဖြစ် တွင်ကျန်နေမည်**

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ပထမအကြိမ်မှစ၍ နှစ်စဉ် ကျင်းပလာခဲ့ရာ တစ်ကြိမ်မျှပင် ပျက်ကွက်ခဲ့ခြင်းမရှိခဲ့သော်လည်း ယခုနှစ် (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးမှာမူ (COVID-19) ကပ်ရောဂါကြောင့် ပျက်ကွက်လိမ့်မည်ဟု ထင်မှတ်မိပါသည်ဘုရား။ ယခုအခါ ကပ်ရောဂါမှာ အားပျော့လာခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ အကြံပြုချက်များနှင့်အညီ ကျင်းပခွင့်ရရှိခဲ့သည့်အတွက် သာသနာတော်အတွက်ရော စာဖြေသံဃာတော်များအတွက်ပါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပြီး ထူးခြားသောစာမေးပွဲကြီးအဖြစ် သာသနာ့သမိုင်းတွင် မှတ်တမ်းတစ်ခုအဖြစ် တွင်ကျန်နေမည် ဖြစ်ပါသည်ဘုရား။

ဤတိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုကြရာ၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စွမ်းအားငါးဖြာတို့သည် ပဓာနကျ၍ ထိုစွမ်းအားများပါအတိုင်း ရေးဖြေခြင်းများပြုလုပ်ရန် အထူးလိုအပ်ပါသည်ဘုရား။ အရှင်မြတ်တို့မှာလည်း သာသနာတော်၌ "သက်ဝင်ယုံကြည်ခြင်း" တည်းဟူသော သဒ္ဓါစွမ်းအား၊ ဆိုင်ရာဆိုင်ရာ ပိဋကတ်ကျမ်းစာများကို နေ့ညမယုတ် အားထုတ်လျက် "ကျက် အံ၊ ကြံ ကြည့်ခြင်း" တည်းဟူသော ဝီရိယစွမ်းအား၊ ဆိုင်ရာဆိုင်ရာ ပိဋကတ်ကျမ်းစာများကို "နေ့ညဥ့်မပြတ် သတိချပ် အောက်မေ့ခြင်း" တည်းဟူသော သတိစွမ်းအား၊ ဆိုင်ရာဆိုင်ရာ ပိဋကတ်ကျမ်းစာများကို "စိုက်စိုက်စူးစူး အထူးမြဲမြံရှုအားသန်ခြင်း" တည်းဟူသော သမာဓိစွမ်းအား၊ ဆိုင်ရာဓမ္မဝိနယတို့ကို "နေ့ည ထင်ထင် ဆင်ခြင်စဉ်းစားခြင်း" တည်းဟူသော ပညာစွမ်းအား ဗလ ငါးတန် ပြည့်လျှံဖြိုးမောက် လောက်ငကုံလုံပြည့်စုံခြင်း အဖုံဖုံရှိတော်မူကြသဖြင့်လည်း ဤတိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၌ သဘောရေးဖြေကိစ္စအဝဝတို့ မုချကေန် အောင်မြင်ထမြောက်ကြလိမ့်မည်ဟု အားပေးစကား လျှောက်ထားလိုပါသည် ဘုရား။



**သာသနာ့သုံးရပ်တွင် အရင်းမူလပဓာနဖြစ်**

အရှင်မြတ်တို့မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသော စွမ်းအား ကိုယ်ဝယ်ထားကြလျက် လေ့လာမှတ်သားပြီး ရေးဖြေတော်မူကြသော ပရိယတ္တိသာသနာတော်မြတ်သည် သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ (သမ္မောဟ၊ ဋ္ဌ၊ ၄၁၂) ဟူသော အဋ္ဌကထာနှင့်အညီ သုံးလောကထွတ်တင် ဘုရားရှင်၏ သာသနာ့သုံးရပ်တွင် အရင်းမူလပဓာနဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမ တရားတော်မြတ်ဟူသော ပရိယတ္တိသာသနာ ပျောက်ကွယ်ပါလျှင် နည်းလမ်းတကျ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ခြင်းဟူသော ပဋိပတ္တိသာသနာလည်း ထင်ရှားဖြစ်ပေါ်လာနိုင်ခြင်း ရှိမည်မဟုတ်ပါ။ ပဋိပတ္တိသာသနာတော်မြတ်ကြီးဟူသော မှန်ကန်သည့် အကျင့်တရားမရှိပါကလည်း မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ထူးကဲမွန်မြတ်လှသည့် တရားတော်မြတ် အတန်တန်ကို ဧကန်မုချ ထိုးထွင်းသိမြင်နိုင်ခြင်းဟူသော ပဋိဝေဓဒေသနာတော်အကျိုးတရားလည်း ဆိတ်သုဉ်းမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့တိုးတက်ပြန့်ပွားရေးသည် ပရိယတ္တိ သာသနာတော်မြတ်ကြီးအပေါ်တွင် အခြေခံလျက် တည်မှီနေပါသည်ဘုရား။ ဤသို့ဖြင့် အရှင်မြတ်တို့ လေ့လာဆည်းပူးအပ်သည့် ပရိယတ္တိတရားတော်မြတ်သည် လူနတ်ဗြဟ္မာ သတ္တဝါအစားစား ဝေနေယျတို့အား မွန်မြတ်သော အကျိုးစီးပွား ချမ်းသာစစ်များကို ရရှိစေနိုင်သည့် တရားတော်များဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်တော်မူကြလျက် ထိုပရိယတ္တိတရားတော်တို့ကို လေ့လာ သင်ကြားရုံမျှမဟုတ်ဘဲ မယုတ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် ပိဋကတ်ကျမ်းစာ သိက္ခာသုံးဝ စရဏလမ်းကြောင်း မတိမ်းစောင်းအောင် ကျင့်ဆောင်ကြိုးကုတ် ကိုယ်တိုင်လည်း အားထုတ်တော်မူကြရမည် ဖြစ်ပါသည်ဘုရား။ မိမိတို့ သိထားသော တရားဓမ္မအဝဝတို့ကို ဒါယကာ ဒါယိကာမများတို့အား ဟောကြားချီးမြှင့်တော်မူရန်လည်း လိုအပ်ပြီး ကိုယ်တိုင်လည်းကျင့် သူတစ်ပါးတို့အားလည်း ထပ်ဆင့်ဟောကြားပါမူ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် အရှည်ခန့်၍ တည်တံ့ပြန့်ပွားမည် အမှန်ပင်ဖြစ်ပါသည်ဘုရား။ ပါရမီဘုန်းကံ ထူးချွန်သော ပုဂ္ဂိုလ်တို့သာ ဖြေဆိုနိုင်သော ဤတိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ဖြေဆိုရာ၌ ရည်ရွယ်ချက် ကောင်းမွန်မှသာ မိမိအတွက်ရော သာသနာတော်ကြီးအတွက်ပါ အကျိုးများမည် ဖြစ်ပါသည်ဘုရား။

**သာသနာပြုစိတ်ဓာတ်ဖြင့် ကြိုးစားအားထုတ်**

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းပြုရာဝယ် သာသနာတော်ကိစ္စ ဆောင်ရွက်ရာ၌ မိမိ၏ ဆောင်ရွက်ချက်များ လွယ်ကူချောမောစွာ အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းစသော အကျိုးကို ရည်ရွယ်၍ ဖြေဆိုခြင်းပြုသင့်ပါသည်။ ရဟန်းသံဃာတော်မှန်သမျှ ထမ်းဆောင်ကြရမည့် ဂန္ထဓုရ ဝိပဿနာဓုရ ဤနှစ်ဝကို မုချကေန် ငါထမ်းဆောင်ရမည်ဟူသော သာသနာပြုစိတ်ဓာတ်ဖြင့် ကြိုးစားအားထုတ်တော်မူကြရန် တိုက်တွန်းစကား လျှောက်ထားပါသည် အရှင်မြတ်တို့ဘုရား။

(၇၃)ကြိမ်မြောက် ကျင်းပပြုလုပ်သော သဘောရေးဖြေစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် စာဖြေအရှင်မြတ်များနှင့် ဒါယကာ ဒါယိကာမတို့ သန္တာန်၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟုဆိုအပ်သော လူ့စွမ်းအားငါးပါး အားလုံးကိုယ်စီကိုယ်စီ အဆင့်ဆင့်မြှင့်တင်ဖို့ရန်အတွက် အားလုံးကြိုးစားကြရမည် ဖြစ်ပါသည်။ သို့မှသာ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့နေမည်သာ ဖြစ်ပါသည်ဘုရား။ သာသနာတော်နှင့် ကြုံကြိုက်နေသည့် အခွင့်ကောင်းကြီးကို လက်မလွှတ်စတမ်း ကြိုးပမ်းတော်မူကြလျက် အောင်ပန်းကိုယ်စီ ရရှိတော်မူနိုင်ကြပါစေဟူ၍ ဆုတောင်းပတ္ထနာပြုလျက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ကိုယ်စား သာရဏီယ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မေ ၁၇**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၆၆သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၉ ဒသမ ၂၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၀ ဒသမ ၈၆ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၂၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၂၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၂ ဒသမ ၄၄ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၃၃ ဒသမ ၃၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၄၂ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၃၀ ဒသမ ၂၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၉၀ ဒသမ ၈၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၂၁ ဒသမ ၀၉ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃၂၈ ဒသမ ၃၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၃ ဒသမ ၈၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၆၂ ဒသမ ၁၈ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၂၈၃ ဒသမ ၂၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၀၉ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

*❊ ကျောဖုံးမှ*

မြန်မာလှေလှော်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမ ကစားသမား ၃၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ဆီးဂိမ်းမတိုင်မီ ပြည်ပနိုင်ငံများ၌ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲ၌ ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများကို ကစားသမားများ၏ စံချိန်အပေါ်မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပြီး နိုင်ငံခြားသားနည်းပြများ ငှားရမ်းရန်လည်း စီစဉ်ထားသည်။

**ရဲရင့်လွင်**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မကွေးတိုင်းဒေသကြီးအတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေး ကွင်းဆင်းဆောင်ရွက်

**မကွေး မေ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် မေ ၁၅ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးအတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေးအတွက် ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မကွေးခရိုင် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာရှိ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး နွားမွေးမြူရေးခြံ တည်ထောင်ထားမှုများကို Good Brothers ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုနှင့် ပြည်ပကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ကုန်သီးနှံများနှင့် ကျွဲ၊ နွားများတင်ပို့ရာတွင် Food Safety ဖြစ်စေရေးနှင့် လိုအပ်သည့် ကျန်းမာရေးထောက်ခံချက်များ၊ Certificate များ ရရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း ခေတ်မီမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လိုသူများကိုလည်း နည်းပညာများ ဖြန့်ဝေပေးသွားရန်နှင့် အားပေးကူညီသွားရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာရှိ မျိုးကောင်းမျိုးသန့် နွားမွေးမြူရေးခြံ တည်ထောင်ထားမှုကို ကြည့်ရှုစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ပေါ်ရှိ အမေထွား ပဲဆီသန့်စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ပြသပြီး ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ်ဆီများ ပိုမိုကောင်းမွန်လာစေရေးအတွက် အစီအမံများ ချမှတ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင်(၂)က တိုင်းဒေသကြီးအတွင်း မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထွက်ရှိမှုများ၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေးအတွက် မွေးမြူရေးဇုန်များ ဖော်ထုတ်၍ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မကွေးစက်မှုဇုန် ဖော်ဆောင်၍ဒေသထွက်ကုန်များကို Value Added ထုတ်နိုင်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အသင်းသားများက မကွေးတိုင်းဒေသကြီးမှ လယ်ယာထွက်ကုန်များ မူဆယ်နယ်စပ်သို့ တင်ပို့ရောင်းချနေမှုများ၊ ဒေသတွင်းကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ၊ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများကို ဝိုင်းဝန်းအကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးမြို့ပေါ်ရှိ မြေလတ်သား အထွေထွေစီးပွားရေး သမဝါယမအသင်း နှမ်းလှော်မှုန့်စက်ရုံသို့ သွားရောက်လေ့လာကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြေရှင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနများမှ ပညာရေးမိသားစုများနှင့်တွေ့ဆုံ

**မန္တလေး မေ ၁၇**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးမိသားစုများအနေဖြင့် မိမိတို့၏ အခက်အခဲ လိုအပ်ချက်များရှိပါက တင်ပြစေလိုပါကြောင်း၊ ဝန်ထမ်းဖြစ်လျှင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာ (၃) နာနှင့် ကလေးငယ်များအား ပညာတတ်ဖြစ်အောင် ဆက်လက်ပညာသင်ကြား ပေးစေလိုကြောင်း၊ ဆရာ ဆရာမများ၏ ဂုဏ်သိက္ခာသည် အလွန်မွန်မြတ်သည့်အတွက် ထာဝရဆရာအဖြစ် ခံယူကာ နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်ဝင်ရန် နောက်ကျနေသော ဆရာ၊ ဆရာမများ (၆) လအတွင်း ပြန်လည်ဝင်ရောက်ပါက ပြန်လည်လက်ခံရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများကို စာသင်ပေးသည့်အခါ အတန်းအစားမခွဲခြားဘဲ တန်းတူအခွင့်အရေးပေး၍ ပညာသင်ကြား ပေးစေလိုပါကြောင်း၊ ခရိုင် ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများအနေဖြင့် မိမိတို့ ပညာရေးလုပ်ငန်းစဉ်သဘောတရားများကို ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားပေးစေလိုပါကြောင်း။




ထို့နောက် တက်ရောက်လာသော ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများက ကျောင်းဖွင့်ရန် ပြင်ဆင်ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များနှင့် သင်ကြားရေးပိုင်းဆိုင်ရာ ဆရာ ဆရာမ လိုအပ်ချက်များ၊ အဆောက်အအုံပိုင်း ဆိုင်ရာ လိုအပ်ချက်များ၊ စာကြည့်တိုက်ပိုင်းဆိုင်ရာ လိုအပ်ချက်များ တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆင့်မြင့်ပညာ ဦးစီးဌာနမှ တက္ကသိုလ်၊ ကောလိပ်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခဌာနမှူးများနှင့် မေ ၁၆ ရက် ညနေ ၅ နာရီတွင် မန္တလေးတက္ကသိုလ် ပင်မဆောင်တွင် တွေ့ဆုံခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပညာရေးမိသားစုများအနေဖြင့် စည်းကမ်းဘောင်အတွင်း ကိုယ်ချင်းစာစိတ်များဖြင့် စီမံအုပ်ချုပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိတို့တက္ကသိုလ်ကောလိပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များရှိပါက တင်ပြ ဆွေးနွေးကြစေ လိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် တက္ကသိုလ် ကောလိပ်များ၏ အခြေခံ အဆောက်အအုံနှင့် သင်ကြားရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂါဇာဒေသကို အစ္စရေးမှ ပစ်ခတ်မှုများကြောင့် သေဆုံးသူ ၁၉၀ ကျော်လွန်လာ

**ဂါဇာ မေ ၁၇**

အစ္စရေးတပ်ဖွဲ့နှင့် ဟားမားစ် အဖွဲ့တို့အကြား ရန်လိုမှုများမှာ အဆုံးသတ်သွားမည့် ဟန်မရှိသေးပေ။ ဟားမားစ်သည် ဂါဇာဒေသကို ထိန်းချုပ်ထားသည့်အဖွဲ့လည်းဖြစ်သည်။ ဂါဇာဒေသတွင် အစ္စရေးတို့ တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် ၁၉၀ ကျော်ရှိလာခဲ့သည်။

အစ္စရေးတပ်ဖွဲ့သည် မေ ၁၅ ရက်နှင့် ၁၆ ရက် အစောပိုင်းတို့တွင် ဂါဇာဒေသသို့ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး သေဆုံးသူ ၄၂ ဦး ရှိခဲ့သည်။ ထို့ကြောင့် ဂါဇာဒေသအတွင်းသေဆုံးသူ ၁၉၂ ဦး ရှိလာပြီး ၎င်းတို့ထဲတွင် ကလေးများလည်းပါဝင်သည်ဟု သိရသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ဟားမားစ်အဖွဲ့နှင့် ဆက်စပ်မှုရှိသည့်နေရာ ၁၅၀၀ ကျော်ကို လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ကလည်း အစ္စရေးနိုင်ငံအတွက် လုံခြုံမှုရရှိစေပြီး ငြိမ်းချမ်းရေးကို ပြန်လည်ထိန်းသိမ်းနိုင်သည်အထိ စစ်ရေးအရလုပ်ဆောင်မှုများ ပြုလုပ်သွားမည်ဟု သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ဟားမားစ်တို့ကလည်း အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များ ပစ်လွှတ်ခဲ့ရာ လူကိုးဦးသေဆုံးခဲ့သည်ဟု သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဟားမားစ်တို့အကြား မေ ၁၀ ရက်မှစတင်ကာ ပစ်ခတ်မှုစတင်ခဲ့ခြင်း ဖြစ်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံအများအပြားက တည်ငြိမ်အေးချမ်းရေးအတွက် ထပ်ခါ ထပ်ခါ တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း တင်းမာမှုများပြေလျော့မည့် အရိပ်အယောင်မရှိသေးချေ။

**အင်န်အိတ်ချ်ကေ**



ဂါဇာဒေသ၌ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ပေါက်ကွဲမှုများကို တွေ့ရစဉ်။



တောမီးလောင်နေမှုကို တွေ့ရစဉ်။

## လော့စ်အိန်ဂျလိစ်အနီးတွင် တောမီးလောင်မှုကြောင့် လူ ၁၀၀၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်း

**လော့စ်အိန်ဂျလိစ် မေ ၁၇**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ်တွင်မေ ၁၆ ရက်က တောမီးလောင်မှုကြောင့် လူပေါင်း ၁၀၀၀ ကို ၎င်းတို့၏နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု လော့စ်အိန်ဂျလိစ်မီးသတ်ဌာနက ပြောသည်။

လော့စ်အိန်ဂျလိစ်မြို့ အနောက်ဘက် ၃၅ ကီလိုမီတာအကွာတွင် တောမီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မေ ၁၄ ရက် ညပိုင်းက ဆန်တာမော်နီကာ တောင်တန်း ဝေးလံသောနေရာတွင် တောမီးစတင်လောင်ခဲ့ပြီး စိုစွတ်သည့် ရာသီဥတုကြောင့် တောမီးကို ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော်လည်း မေ ၁၅ ရက် မွန်းလွဲပိုင်းတွင်မှ မီးတောက်ကြီးလာခဲ့ပြီး မီးသတ်သမားများ ထိန်းချုပ်နိုင်သည့် မျဉ်းကိုကျော်လွန်လာခဲ့သည်။

ရာသီဥတုအခြေအနေ ပြောင်းလဲသွားလျှင်ပင် အခြေအနေမှာ ဆိုးရွားနိုင်သေးသည်ဟု လော့စ်အိန်ဂျလိစ် မီးသတ်တပ်ဖွဲ့က ပြောသည်။

မေ ၁၆ ရက် နံနက်ပိုင်းအထိ မည်သည့် အဆောက်အအုံမှ ပျက်စီးခဲ့ခြင်း မရှိသေးပေ။ ထို့ပြင် ဒဏ်ရာရရှိသူများလည်းမရှိဟု လော့စ်အိန်ဂျလိစ် မီးသတ်ဌာနက ပြောသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ ဂျာဗားတွင် ခရီးသည်လှေတိမ်းမှောက်ပြီး ခုနစ်ဦးထက်မနည်းသေဆုံး

**ဂျာဗား မေ ၁၇**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ ဆည်တစ်ခု၌ ဝန်ပိုတင်ဆောင်လာသည့် လှေတစ်စင်းသည် မေ ၁၅ ရက်က တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

လှေပေါ်တွင် ခရီးသွားများက ဓာတ်ပုံရိုက်ရန် နေရာရွှေ့လိုက်ပြီးနောက် လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လှေတိမ်းမှောက်မှုကြောင့် အနည်းဆုံး ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး နောက်ထပ် နှစ်ဦးမှာလည်း ပျောက်ဆုံးနေဆဲ ဖြစ်သည်။

ဂျာဗားအလယ်ပိုင်း ဘိုယိုလာလီဒေသတွင် မေ ၁၅ ရက်က လှေမှောက်ခြင်းဖြစ်ပွားခဲ့သည်ဟု အမျိုးသား ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီက ပြောသည်။

အဆိုပါ လှေမှာ ၁၄ ဦးသာ ဆံ့သော်လည်း လူ ၂၀ အထိ တင်ဆောင်လာခြင်းဖြစ်ကြောင်း အေဂျင်စီက ပြောသည်။ စုပေါင်းဓာတ်ပုံရိုက်ရန်အတွက် ခရီးသွားများသည် လှေတစ်ဖက်ခြမ်းသို့ စုလိုက်စဉ် လှေမှောက်သွားခြင်းဖြစ်သည် လှေပေါ်ပါလာသူများမှာ အသက်ကယ်အင်္ကျီဝတ်ဆင်ထားခြင်း မရှိဟု သိရသည်။

အဆိုပါလှေကို မောင်းနှင်လာသူမှာလည်း အသက် ၁၃ နှစ်အရွယ်ကလေးဖြစ်ပြီး ခရီးသွားများကို တင်ဆောင်ရန် လိုင်စင်မရှိသေးဟု သိရသည်။ ဝန်ပိုတင်ဆောင်မှုကြောင့် လှေမှောက်ရခြင်းဖြစ်သည်ဟု ရဲများနှင့် ကယ်ဆယ်ရေး အေဂျင်စီက သံသယရှိသည်။

**အင်န်အိတ်ချ်ကေ**



ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေမှုများ ပြုလုပ်နေစဉ်။

## ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ၁၀၀၀၀နီးပါး ထပ်မံတွေ့ရှိ

**ဘန်ကောက် မေ ၁၇**

ထိုင်းနိုင်ငံတွင် မေ ၁၇ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၀၀၀၀ နီးပါး ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။ အကျဉ်းထောင်အတွင်း အစုလိုက် ကူးစက်မှုတွေ့ရှိပြီးနောက် နေ့စဉ်ကူးစက်မှု ၁၀၀၀၀ နီးပါး ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း မေ ၁၇ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၆၃၅ဦး တွေ့ရှိခဲ့ပြီး အကျဉ်းထောင်အတွင်း ကူးစက်ခံရသူ ၆၈၅၃ဦး ပါဝင်သည်ဟု ကိုဗစ် -၁၉ အခြေအနေများ စီမံခန့်ခွဲမှု စင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

အကျဉ်းထောင်အတွင်း ကူးစက်မှုများကို ဖယ်လိုက်လျှင် မေ ၁၇ ရက်က လူနာသစ် ၂၇၈၂ ဦးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ နောက်ထပ်ရောဂါ ကူးစက်ခံရသူများပါ ထပ်ပေါင်းလိုက်လျှင် ကူးစက်ခံရသူစုစုပေါင်း ၁၁၁၀၈၂ ဦး ရှိပြီး၇၀ ရာခိုင်နှုန်းကျော်မှာ ဧပြီလအစောပိုင်းကတည်းက အတည်ပြုခဲ့ခြင်းဖြစ်သည်။ ကိုဗစ် -၁၉ တတိယအကျော့မှာ ထိုင်းနိုင်ငံအတွင်း လျင်လျင်မြန်မြန်ဖြင့် ပျံ့နှံ့လျက်ရှိသည်။ မေ ၁၇ ရက်တွင် ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၂၅ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်း ၆၁၄ ဦး ရှိသည်။

မေ ၁၇ ရက်မှစတင်၍ စားသောက်ဆိုင်များအတွင်း ဆိုင်ထိုင်စားသောက်မှုနှင့် ပတ်သက်၍ အချို့အချက်များကို ဖြေလျှော့ပေးရန် ဆုံးဖြတ်ပြီးနောက် ကူးစက်မှုအများအပြားနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

မြို့တော်ဘန်ကောက်နှင့် အခြားသော ပြည်နယ်သုံးခုတို့တွင် သတ်မှတ်ထားသော လူဦးရေ၊ သတ်မှတ်ထားသည့် အချိန်အတိုင်း စားသောက်ဆိုင်အတွင်း ဝန်ဆောင်မှုပေးနိုင်ရန် ခွင့်ပြုပေးထားသည်။ ယခင်ကမူ အစားအသောက်ပေးပို့သည့်စနစ်သာ ခွင့်ပြုပေးခဲ့သည်။

**ဆင်ဟွာ**

## စင်ကာပူ၌ ဒေသတွင်း ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၃၈ ဦးရှိ

**စင်ကာပူ မေ ၁၇**

စင်ကာပူနိုင်ငံ၌ ဒေသတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၈ ဦး ရှိပြီး ပြည်ပမှ ကူးစက်ခံရသူ ၁၁ ဦး ရှိသည့်အတွက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၆၁၅၈၅ ဦးရှိလာသည်ဟု သိရသည်။ ဒေသတွင်း ကူးစက်မှုများတွင် ၂၁ ဦးမှာ ယခင်ကူးစက်ခံရသူများနှင့် ထိတွေ့မှုရှိပြီး ၁၇ ဦးမှာ မည်သည့်နေရာမှ ကူးစက်လာသည်ကို မသိရပေ။

၎င်းတို့ထဲမှ ၁၃ ဦးကို အသွားအလာစောင့်ကြည့်ကန့်သတ်ထားသည့် စင်တာတွင် ရောဂါကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မေ ၁၆ ရက်ကလည်း စင်ကာပူ ပညာရေးဝန်ကြီးဌာနက မူလတန်း၊ အလယ်တန်း၊ ဂျူနီယာကောလိပ်နှင့် အထူးပညာရေးကျောင်းများမှ ကျောင်းသားများကို နေအိမ်မှသာ ပညာသင်ကြားမည့်စနစ်သို့ မေ ၂၈ ရက်အထိ ပြောင်းရွှေ့လိုက်ကြောင်း ကြေညာခဲ့သည်။ ရောဂါကူးစက်မှုများ တွေ့ရှိလာရသည့်အတွက် ယခုလိုတင်းကျပ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မူလတန်းကြိုကျောင်းများကို အလုပ်လုပ်ရသည့်မိဘများ အဆင်ပြေစေရေးအတွက် ဆက်လက်ဖွင့်ထားမည်ဖြစ်သည်။ ယခုကာလအတွင်း မိဘများအနေဖြင့် မိမိတို့၏သားသမီးများကို နေအိမ်၌သာထားရန်လည်း တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၂ ဦး တွေ့ရှိ

## (၁၇–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၀၃,၀၂၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၀၉၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၂၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၁၃) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်မြို့အနီး ရောဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

ပြည် မေ ၁၇

ငါးသယံဇာတများပေါကြွယ်ဝ၍ ငါးရိက္ခာဖူလုံစေရေးအတွက် ပြည်မြို့အနီး ရောဝတီမြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းက ပန်းခြံဆိပ်ကမ်းဗောတံတားတွင် ကျင်းပခဲ့သည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ငါးလုပ်ငန်းရှင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖို ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက အုတ်ဖိုငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်တစ်သိန်း၊ ငါးခုံးမကြီးသားပေါက် တစ်သိန်း၊ ရွှေဝါငါးကြင်းသားပေါက်တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ၁၇-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၇၁၆၁၅၀ | ၂၇၁၃၆၀၂၀ | ၆၀၀၁၄၈ |
| ၂။ | အိန္ဒိယ | ၂၄၉၆၅၄၆၃ | ၂၁၁၇၄၀၇၆ | ၂၇၄၄၁၁ |
| ၃။ | ဘရာဇီး | ၁၅၆၂၇၄၇၅ | ၁၄၀၉၇၂၈၇ | ၄၃၅၈၂၃ |
| ၄။ | ပြင်သစ် | ၅၈၇၇၇၈၇ | ၅၁၁၆၇၀၅ | ၁၀၇၆၁၆ |
| ၅။ | တူရကီ | ၅၁၁၇၃၇၄ | ၄၉၄၇၂၅၆ | ၄၄၇၆၀ |
| ၆။ | ရုရှား | ၄၉၄၉၅၇၃ | ၄၅၆၃၂၅၄ | ၁၁၆၂၁၁ |
| ၇။ | ဗြိတိန် | ၄၄၅၀၇၇၇ | ၄၂၇၇၂၀၇ | ၁၂၇၆၇၉ |
| ၈။ | အီတလီ | ၄၁၅၉၁၂၂ | ၃၇၀၆၀၈၄ | ၁၂၄၁၅၆ |
| ၉။ | စပိန် | ၃၆၀၄၇၉၉ | ၃၂၉၇၃၄၀ | ၇၉၃၃၉ |
| ၁၀။ | ဂျာမနီ | ၃၆၀၂၉၃၉ | ၃၃၀၀၇၀၀ | ၈၆၇၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၄၄၀၄၅ | ၁၆၀၆၆၁၁ | ၄၈၃၀၅ |
| ဖိလစ်ပိုင် | ၁၁၄၉၉၂၅ | ၁၀၇၆၄၂၈ | ၁၉၂၆၂ |
| မလေးရှား | ၄၇၄၅၅၆ | ၄၂၉၁၀၃ | ၁၉၄၇ |
| မြန်မာ | ၁၄၃၀၉၇ | ၁၃၂၁၂၃ | ၃၂၁၃ |
| ထိုင်း | ၁၁၁၀၈၂ | ၆၇၂၀၀ | ၆၁၄ |
| စင်ကာပူ | ၆၁၆၁၃ | ၆၁၁၀၄ | ၃၁ |
| ကမ္ဘောဒီးယား | ၂၂၅၄၄ | ၁၃၀၀၆ | ၁၅၄ |
| ဗီယက်နမ် | ၄၃၅၉ | ၂၆၆၈ | ၃၇ |
| လာအို | ၁၆၃၈ | ၅၈၂ | ၂ |
| ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများ စစ်ဆေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၅ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၀၅၁၈၂၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၉၉၁၁၉၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၉၉၈၅၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၀၂၇၉ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၁၇၅၉၈ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင်ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြောင်းမြမြို့နယ် | ၃၀၀ | ၂၂၅၉၀၃ | ၂၀၆၇၁၂ | ၃၁၇၅၃ | ၂၁၅၈ | ၂၆၃၃၆ |
| ၂ | အိမ်မဲမြို့နယ် | ၁၆၂ | ၁၅၁၅၉၂ | ၁၄၁၂၀၈ | ၂၁၁၄၈ | ၁၂၉၃ | ၁၇၆၅၆ |
| ၃ | ဝါးခယ်မမြို့နယ် | ၃၃၃ | ၂၂၇၉၄၆ | ၂၁၄၃၃၇ | ၃၄၈၃၅ | ၃၁၄၈ | ၂၉၁၀၈ |
| ၄ | လပွတ္တာမြို့နယ် | ၂၆၃ | ၂၂၆၇၅၀ | ၂၂၁၉၆၂ | ၆၇၄၇၅ | ၁၈၄၆ | ၂၁၁၅၈ |
| ၅ | မော်လမြိုင်ကျွန်းမြို့နယ် | ၃၂၂ | ၂၁၉၆၃၈ | ၂၀၆၉၇၅ | ၄၄၆၄၂ | ၁၈၃၄ | ၂၃၃၄၀ |
| | စုစုပေါင်း | ၁၃၈၀ | ၁၀၅၁၈၂၉ | ၉၉၁၁၉၄ | ၁၉၉၈၅၃ | ၁၀၂၇၉ | ၁၁၇၅၉၈ |

**သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၅ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့် အထက် ပါဝင်နေသူ ၁၀၂၇၉ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၁၇၅၉၈ ဦးတို့ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ**

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၁၃၈၀ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၇၈၉၁၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၅၈၅၈၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၀၃၂၆၊ မြေပြင်လက်ကျန် ၃၈၄၉၇၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၅၅၇၃၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၀၃၈၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြောင်းမြမြို့နယ် | ၃၀၀ | ၂၄၈၉၉၄ | ၁၆၉၆၆၇ | ၇၉၃၂၇ | ၇၃၇၅၉ | ၁၁၀၈၀ | ၅၅၁၂ |
| ၂ | အိမ်မဲမြို့နယ် | ၁၆၂ | ၁၆၇၅၁၄ | ၁၁၄၅၂၉ | ၅၂၉၈၅ | ၅၀၆၄၂ | ၃၈၅၁ | ၁၅၀၈ |
| ၃ | ဝါးခယ်မမြို့နယ် | ၃၃၃ | ၂၆၁၄၁၃ | ၁၆၅၇၉၉ | ၉၅၆၁၄ | ၈၅၇၁၅ | ၁၄၂၉၅ | ၄၃၉၆ |
| ၄ | လပွတ္တာမြို့နယ် | ၂၆၃ | ၂၅၁၂၂၃ | ၁၄၅၂၁၀ | ၁၀၆၀၁၃ | ၉၄၀၉၆ | ၁၈၃၅၅ | ၆၄၃၈ |
| ၅ | မော်လမြိုင်ကျွန်းမြို့နယ် | ၃၂၂ | ၂၄၉၇၇၁ | ၁၆၃၃၈၄ | ၈၆၃၈၇ | ၈၀၇၆၃ | ၈၁၅၆ | ၂၅၃၂ |
| | စုစုပေါင်း | ၁၃၈၀ | ၁၁၇၈၉၁၅ | ၇၅၈၅၈၉ | ၄၂၀၃၂၆ | ၃၈၄၉၇၅ | ၅၅၇၃၇ | ၂၀၃၈၆ |

၆။ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၅ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၆၀၆၃၅ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၉၉၈၅၃ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ **ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၅ မြို့နယ်၏** မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၀၂၇၉ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၁၇၅၉၈ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၇၇၇၂၈၁ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၇၅၈၅၈၉ စောင်ဖြစ်သဖြင့် မဲပေးသူ အရေအတွက်ထက် ၁၈၆၉၂ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၅၅၇၃၇ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၂၀၃၈၆ စောင် တွေ့ရှိရခြင်း၊

*စာမျက်နှာ ၁၆ သို့*

## ■ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ

## ■ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

*စာမျက်နှာ ၁၅ မှ*

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

( စ ) ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) မော်လမြိုင်ကျွန်းမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၌ တာဝန်ကျသည့် မဲရုံအဖွဲ့ဝင် အလယ်တန်းပြဆရာမ ဒေါ်မိုးမြတ်သူဇာသည် ယင်း၏ မိဘများဒေသဖြစ်သည့် မယ်တလိုင်းကျေးရွာအုပ်စုတွင် တစ်ကြိမ်၊ ခင်ပွန်းဖြစ်သူနေထိုင်သည့် စီးပွားချောင်ကျေးရွာအုပ်စုတွင် တစ်ကြိမ်၊ စုစုပေါင်း မဲ ၂ ကြိမ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိရဲစခန်းမှ တရားလိုပြုလုပ်၍ (ပ)၂၁၅/ ၂၀၂၀ (၁-၁၁-၂၀၂၀) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၉ (ဆ)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း၊

၉။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



လပွတ္တာမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

**နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ် မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့**

**ကြိုတင်မဲများ ကောက်ခံရာတွင် လည်း ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့**



မြောင်းမြမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

ဒုတိယအပိုင်းအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဧပြီလအတွင်း လုပ်ဆောင်ချက်များကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ပထမဆုံးပြည်ပခရီးစဉ်အဖြစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့ပါကြောင်း၊ အာဆီယံဒေသအတွင်း ရေရှည်ကြံ့ကြံ့ခံနိုင်မှုရှိပြီး စဉ်ဆက်မပြတ် ဒေသတွင်း ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေနှင့် ဆက်လက်ပံ့ပိုးသွားမည်ဆိုသည်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အာဆီယံနိုင်ငံ့ခေါင်းဆောင်များထံ သတင်းစကားပါးခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေနှင့် အာဆီယံ၏ ဦးတည်ချက်များ အောင်မြင်စေရန်၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ပါ အခြေခံမူများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း ထပ်လောင်း ပြောကြားနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

### အင်အားသစ်များရရှိသည့် ခရီးစဉ်

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအကြောင်း အာဆီယံနိုင်ငံ့ခေါင်းဆောင်များကို ကိုယ်တိုင်ရှင်းရှင်းလင်းလင်း ပြောကြားနိုင်ခဲ့ပါကြောင်း၊ လက်ရှိတိုင်းပြည်အရေးကို ကိုင်တွယ်ဖြေရှင်းနေရသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အရေးပါမှု၊ နိုင်ငံတကာနှင့်ဒေသတွင်း တိုင်းပြည်များ၏ အသိအမှတ်ပြုမှု၊ အာဆီယံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော မှန်ကန်သည့် ရပ်တည်ချက် သဘောထားကိုလည်း မြင်တွေ့နိုင်ခဲ့ရသည့် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ အထူးခြားဆုံး ရလဒ်မှာ ပြည်သူအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ပိုမိုယုံကြည်စိတ်ချမှုရှိစွာနှင့် ရှေ့ဆက်လျှောက်လှမ်းကြရန် ငြိမ်းချမ်းစွာအတူပူးပေါင်းပြီး မြန်မာနိုင်ငံတော်အတွက် တိုးတက်ရာ၊ တိုးတက်ကြောင်း လျှောက်လှမ်းနိုင်ရန်အတွက် အင်အားသစ်များ ရရှိခဲ့စေသည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် တစ်စောင်ကို မတ်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာ ထာဝရငြိမ်းချမ်းရေးအတွက် ရှေ့ဆက်သွားမည့် ညှိနှိုင်းဆွေးနွေးမှု အစီအမံများပါရှိသလို ဧပြီ ၃၀ ရက်တွင် ထပ်မံထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့်အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို မေလ ၁ရက်မှ ၃၁ရက်အထိ ထပ်မံရပ်ဆိုင်းပေးသွားမည်ဖြစ်သည်ဟု ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အဆိုပါကာလများအတွင်း ညှိနှိုင်းဆွေးနွေးမှုများနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းထားသည်ကို မြင်တွေ့ရပါကြောင်း ပြောကြားသည်။

### လေးနက်စွာ ဖိတ်ခေါ်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးကို ရောက်ရှိနေကြသည့် နိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်သည့် သတင်းထုတ်ပြန်ချက်ကို ဧပြီလ ၁ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ် အဖွဲ့အစည်းအချို့၏ သွေးဆောင်ဖြားယောင်းမှု အမျိုးမျိုးကို ယုံစားပြီး ကျောင်းသား ကျောင်းသူအချို့၊ လူငယ် လူရွယ်အချို့နှင့် နိုင်ငံ့ဝန်ထမ်းအချို့စသည့် ပြည်သူများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများကို စိုးရိမ်စိတ်များနှင့် ရှောင်တိမ်းနေကြသည်များရှိလာသည့်အခါ လုံခြုံမှု၊ ဘဝအာမခံချက်နှင့် လူမှုစီးပွားရေး ထိခိုက်ကြပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်က မိမိတို့ဒေသအသီးသီးကို ပြန်လာနိုင်ရန် ဖိတ်ခေါ်ထားသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လက်တွေ့ တကယ်ဖြစ်ရပ်များတွင် ဒုက္ခရောက်နေကြသည့် နိုင်ငံသားများရှိကြောင်း၊ စိုးရိမ်ထိတ်လန့်မှုဖြင့် တိမ်းရှောင်နေသူများအတွင်း ရာဇဝတ်ကျူးလွန်ထားသူများမှအပ ကျန်သူများ အနေဖြင့် စိတ်ချစွာပြန်လည်ဝင်ရောက်နိုင်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၊ သက်ဆိုင်ရာ ကောင်စစ်ဝန်၊ စစ်သံရုံးများတွင် ပြန်လာနိုင်ရန်အတွက် လေးနက်စွာ ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားသည်။

**❑ ပြည်ပနိုင်ငံများကို စိုးရိမ်စိတ်များနှင့် ရှောင်တိမ်းနေကြသည်များရှိလာသည့်အခါ လုံခြုံမှု၊ ဘဝအာမခံချက်နှင့် လူမှုစီးပွားရေး ထိခိုက်ကြပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်က မိမိတို့ဒေသအသီးသီးကို ပြန်လာနိုင်ရန် ဖိတ်ခေါ်ထားသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လက်တွေ့ တကယ်ဖြစ်ရပ်များတွင် ဒုက္ခရောက်နေကြသည့် နိုင်ငံသားများရှိကြောင်း၊ စိုးရိမ်ထိတ်လန့်မှုဖြင့် တိမ်းရှောင်နေသူများအတွင်း ရာဇဝတ်ကျူးလွန်ထားသူများမှအပ ကျန်သူများအနေဖြင့် စိတ်ချစွာ ပြန်လည်ဝင်ရောက်နိုင်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၊ သက်ဆိုင်ရာကောင်စစ်ဝန်၊ စစ်သံရုံးများတွင် ပြန်လာနိုင်ရန်အတွက် လေးနက်စွာ ဖိတ်ခေါ်**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ALP တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံနှင့် ဗြိတိန်တို့အကြား ကိုဗစ်-၁၉ အပါအဝင် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ကြံ့ကြံ့ခံနိုင်သည့် ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ရာသီဥတုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည့် ASEAN- UK Open - Ended Troika Dialogue သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဗီဒီယိုကွန်ဖရင့်ဖြင့် ဧပြီလ ၈ ရက်နေ့တွင် တက်ရောက်ဆွေးနွေးခဲ့ပါကြောင်း၊ ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် ဩစတြီးယားနိုင်ငံ ဗီယင်နမြို့၌ ဧပြီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသည့် (၆၄) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေးကို တက်ရောက်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်၏ ပုံမှန်လည်ပတ်စီးဆင်းနေသည့် ကုန်စည်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၃၁ ရက်အထိ ပြည်တွင်းဆိပ်ကမ်းမှ အထွက်ကုန်သေတ္တာ ၁၉၅၉၄ လုံးနှင့် ပြည်တွင်းဆိပ်ကမ်းအဝင် ကုန်သေတ္တာ ၂၂၄၁၇ လုံး စုစုပေါင်းကုန်သေတ္တာ ၄၂၀၁၁ လုံး ပုံမှန် ကုန်စည်စီးဆင်းစေခဲ့သည့်အတွက် ကုန်သွယ်မှုအတွက် အထောက်အကူပြုစေခဲ့ပါကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကိစ္စများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစားပေးအစီအစဉ်အရ ဇန်နဝါရီလ ၂၇ ရက်တွင် ကာကွယ်ဆေးထိုးနှံခြင်းစတင်ခဲ့ပြီး ဧပြီလ ၂၁ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းမှာ ကာကွယ်ဆေးအရေအတွက် ၁ ဒသမ ၅၄ သန်း၊ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံခြင်းအဖြစ် ဝ ဒသမ ၃၄ သန်း စုစုပေါင်း ကာကွယ်ဆေး ၁ ဒသမ ၈၈ သန်းကို ထိုးနှံခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ရန်ကုန်မြို့ အခြေစိုက် နိုင်ငံတကာသံရုံးများက သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဧပြီ ၅ ရက်တွင် စတင်ထိုးနှံပေးခဲ့ပါကြောင်း ပြောကြားသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အစရှိသော မြို့ကြီးများ၏ပြည်သူ့ဆေးရုံကြီးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံဆောင်ရွက်မှုများကိုလည်း မြင်တွေ့ခဲ့ရပါကြောင်း၊ ရလဒ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးတို့ အပါအဝင် မြို့နယ်များရှိ ပြည်သူ့ဆေးရုံအချို့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံများအတွက် ဆေးဝါးဝယ်ယူနိုင်ရန် ငွေကျပ်ဘီလီယံ ၃၀၀ လျာထားခဲ့ပြီး ဆေးရုံလုပ်ငန်း လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးမည်ဖြစ်သကဲ့သို့ ကျန်းမာရေးဝန်ထမ်းများကိုလည်း အစဉ်တစိုက် ဖိတ်ခေါ်လျက်ရှိနေသည်ကို မြင်တွေ့ရမှာဖြစ်ပါကြောင်း ပြောကြားသည်။



ရန်ကင်းမြို့နယ်ရှိ အကြမ်းဖက်သမားများနှင့် အသုံးပြုမည့် သက်သေခံပစ္စည်းများ ဖမ်းဆီးရမိစဉ်။

ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးအနေနှင့် (၂၅)ကြိမ်မြောက် အာဆီယံလူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးကို မတ်လ ၃၁ ရက်နေ့က ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပြီး ဧပြီလ ၁ရက်နေ့၌ ကျင်းပသည့် (၁၇) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ပါကြောင်း ပြောကြားသည်။

ပြည်သူများ သွားလာမှုအဆင်ပြေစေရေး ဆောင်ရွက်ချက်များအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေကြောင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ မြန်မာ့မီးရထားမှ သင်္ကြန်ကာလ အများပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရန် ရန်ကုန်-နေပြည်တော် - ရန်ကုန် လူစီးအမြန်ရထားများဖြစ်တဲ့ အမှတ်(၇) အဆန်၊ အမှတ်(၈) အစုန် လူစီးရထားခရီးစဉ်များကို ဧပြီလ ၄ ရက်နေ့မှာ စတင်ပြေးဆွဲပေးလျက် ရှိတဲ့အပြင် ရန်ကုန်-မန္တလေး၊ ရန်ကုန်- မော်လမြိုင်နဲ့ ရန်ကုန်- ပြည် အစရှိတဲ့ ခရီးစဉ်တွေကိုလည်း ပြေးဆွဲပေးလျက်ရှိပါကြောင်း ပြောကြားသည်။

### အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်

တတိယချက်အနေဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့အနေနှင့် CRPH, NUG, PDF စသည့် အကြမ်းဖက်အဖွဲ့ ၃ ဖွဲ့နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို ယခုလ မေလ ၈ ရက်က အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခဲ့ပါကြောင်း၊ ၎င်းအဖွဲ့များ အနေနှင့် နံပါတ် (၁) "CRPH" နှင့်"NUG"အဖွဲ့များမှ ဦးဆောင်သူများ၏

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၇ မှ

လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ကြောင်း တွေ့ရပါကြောင်း၊ နံပါတ် (၂) " NUG" အဖွဲ့အနေနှင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်(PDF)အမည်ခံ လက်နက်ကိုင်အကြမ်းဖက် သူပုန်အဖွဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ နံပါတ် (၃) ထို " NUG " နှင့် " PDF " တို့၏ လှုံ့ဆော်အားပေးမှုများကြောင့် လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ကြောင်း၊ နံပါတ် (၄)ထိုအဖွဲ့များက CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ CDM မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို ကျောင်းမတက်ရန်လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အားထုတ်လျက်ရှိကြောင်း ပြောကြားသည်။

# ✳ အကြမ်းဖက် ဆူပူဆန္ဒပြသောင်းကျန်းသူများအနေဖြင့် လမ်းပေါ်ထွက် ဆန္ဒပြမှုများ လျော့နည်းသွားသည့်အခါ ၎င်းတို့၏ ရပ်တည်နိုင်မှု လျော့နည်းလာခြင်းကြောင့် ပြည်သူလူထု၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့် နေရာများ၊ အုပ်ချုပ်ရေးယန္တရားများကို မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးပစ်ခြင်းတို့ကို ဆောင်ရွက်နေခြင်းများကို တွေ့ရမည်ဖြစ်



ဖောက်ခွဲဖျက်ဆီးရေးတွင် အသုံးပြုမည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ။

### အကြမ်းဖက်မှုများတွင် အကျုံးဝင်

ထို့ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃) ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း တစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ၎င်းအဖွဲ့များနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခို နေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းတို့ ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)အရအနည်းဆုံး ထောင်ဒဏ် သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ် နှစ်အထိ ချမှတ်ခြင်းခံရနိုင်ပါကြောင်း၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများဆောင်ရွက်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က) နှင့် ငြိစွန်းကြောင်း၊ အကြမ်းဖက်အုပ်စုတစ်ခုခုက အသုံးပြုရန် ရည်ရွယ်၍ဖြစ်စေ၊ အသုံးပြုမည်ဟု သိလျက်နှင့်ဖြစ်စေ ငွေကြေးကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်းတို့ ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁(က) အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုမြောက်သဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) အရ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ခြင်း ခံရနိုင်ပါကြောင်း ပြောကြားသည်။

ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အကြမ်းဖက်အုပ်စုတစ်ခုခုက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ရည်ရွယ်၍ သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁(ခ) အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုမြောက်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) အရ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ခြင်း ခံရနိုင်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၁ ပါ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခု ကိုကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေး ကူညီခြင်း၊ လှုံ့ဆော်မှုပြုခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကို ညွှန်ကြားခြင်း၊ ယင်းပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်းပြုပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)အရ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ခြင်းခံရနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများ ဖော်ထုတ်ရရှိမှုနှင့် ၎င်းတို့၏ ဝန်ခံချက်အချို့ကို ပြောလိုပါကြောင်း၊ ဧပြီလနှင့် မေလအတွင်း၌ မြို့နယ်ပညာရေးမှူးရုံးများ၊ စာသင်ကျောင်းများကို လက်လုပ်မိုင်း၊ လက်လုပ်ဗုံးတို့နှင့် ပစ်ခတ်မှု၊ မီးပုလင်း၊ မီးကွင်းနဲ့ ပစ်ခတ်ဖျက်ဆီးမှု (၅၇)ကြိမ် ရှိခဲ့ပါကြောင်း၊ ဖမ်းဆီးရရှိမှုအနေဖြင့် ဧပြီလ ၁၇ ရက်နေ့က ရန်ကင်းမြို့နယ် နေအိမ်၌ ခင်ငြိမ်းသူ အပါအဝင် ကျား ၄ ဦး၊ မ ၂ ဦးတို့ကို လက်လုပ်မိုင်း ၄၈ လုံး၊ ယမ်းပျော့ ၂၀ တောင့်၊ ဒီတိုနေတာ ၂၀ ခု တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့သည် ရန်ကင်းမြို့နယ်အတွင်း ဆိုင် သုံးဆိုင်ကို မီးရှို့ဖျက်ဆီးခဲ့သူများ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ထွက်ဆိုချက်များအရ ဆက်စပ်တရားခံများကို ဖမ်းဆီးခဲ့ရာ ဖယ်ခုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ်၊ YBS (၁၄)ယာဉ်ပေါ် ဗုံးဖောက်ခွဲမှု ဖြစ်စဉ်တွင် ပါဝင်နေသူများ၊ သာကေတမြို့နယ်၊ သန်လျင်မြို့နယ်တို့၌ နေထိုင်သူ ၃၉ ဦးကို လက်ပစ်ဗုံး၊ လက်လုပ်ဗုံး ၃၁ လုံး၊ လက်လုပ်မိုင်း ၄၈ လုံး၊ ယမ်းပျော့ ၂၇ တောင့်၊ ဒီတိုနေတာ ၂၀ ခု၊ ယမ်းကြိုး ၅၇ ပေခန့်၊ မီးခိုးဗုံး ၆၅ လုံး၊ ယမ်းမှုန့်များ၊ ဆက်စပ်ပစ္စည်းများနှင့် ဖမ်းမိခဲ့ပါကြောင်း။

### လက်လုပ်မိုင်းပြုလုပ်နေစဉ်ပေါက်ကွဲ

ဖမ်းဆီးရမိသည့်သူများနှင့် ပမာဏများကို ကြည့်မည်ဆိုလျှင် ရည်ရွယ်ချက်ကြီးကြီးဖြင့် လုပ်ဆောင်နေသည်ကို တွေ့ရနိုင်ကြောင်း၊ ထိုနေ့တွင်ပင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ ဖောက်ခွဲဖျက်ဆီးရေးသမား ခုနစ် ဦးကို လက်ပစ်ဗုံး နှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ဖမ်းဆီးရမိသူ ၂၇ ဦးရှိခဲ့ပါကြောင်း ၊ ဧပြီလ ၂၄ ရက်နေ့တွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင် ၃၄/၄ ရှိ ခြံဝင်းအတွင်းမှာ ကျား ၁၄ ဦး၊ မ နှစ် ဦးတို့ကို အိုက်ကွန် သုံးလုံး၊ လေ့ကျင့်ရေးသုံး ဆက်စပ်ပစ္စည်းများနှင့် ဖမ်းမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ ကျိုက်ဝိုင်းဘုရားအနီး ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းအမျိုးအစား ၃၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဧပြီလ ၂၉ ရက်နေ့မှာ ဖောက်ခွဲရေးသင်တန်း တက်ရောက်ပြီး ပြန်လာတဲ့ ဖြိုးကိုကို အပါအဝင် ကျား ရှစ်ဦး၊ မ တစ်ဦး၊ ဘီးလင်းမြို့ အထွက်မှာ သန့်ဇင် အပါအဝင် ကျား တစ် ဦး၊ မ တစ် ဦးတို့ကို ဖမ်းမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်များအရ မေလ ၂ ရက်နေ့မှာ သဃ်ာန်းကျွန်းမြို့နယ်၌ အေးချမ်းအောင် အပါအဝင် ကျား ခုနစ် ဦး၊ မ သုံး ဦးကို ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မေ ၃ ရက်နေ့မှာ အင်းစိန်မြို့နယ်၌ ကျော်စိုးဟိန်းအား လက်လုပ်ဗုံး သုံး လုံးနှင့် လက်လုပ်ဗုံးပြုလုပ်ရာမှာ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ မေလ ၂ ရက်နေ့က ပျဉ်းမနားမြို့နေအိမ်မှာ ရန်ငြိမ်းပိုင် အပါအဝင် နှစ်ဦးကို လက်လုပ်ဗုံး ၄၃ လုံး၊ ယမ်းကြိုး ၂၃ ချောင်းတို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်အရ မေလ ၃ ရက်နေ့မှာ တပ်ကုန်းမြို့၌ ရန်နိုင်မိုးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ မေလ ၅ ရက်နေ့ ဇဟန်းမြို့နယ်၊ EAMP အားကစားခန်းမ ပေါက်ကွဲမှုဖြစ်စဉ်မှာ ပါဝင်ခဲ့သည့် လက်ဝှေ့ကစားသမား ဖိုးသော် အပါအဝင် ကျား ခုနစ် ဦး၊ မ နှစ် ဦးတို့ကို ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခုနှင့် ကျည်ဆန်များ၊ လက်လုပ်မိုင်း သုံးလုံး၊ ဒီတိုနေတာ၊ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့ ထွက်ဆိုချက်များအရ လက်လုပ်မိုင်းပြုလုပ်နေစဉ်ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း။

အလားတူ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်း တစ်ဦးနှင့် အပေါင်းအပါများက ရွာတစ်ရွာရှိ ခြံဝင်းအတွင်း လက်လုပ်မိုင်းပြုလုပ်နေစဉ် ပေါက်ကွဲ ပျက်စီးပြီး သေဆုံးခဲ့ကြောင်း၊ တချို့ မီဒီယာများအနေဖြင့် ပါဆယ်ဗုံးပေါက်ကွဲခြင်းဟု ရေးသားနေကြခြင်းကို တွေ့ရကြောင်း၊ မေလ ၇ ရက်နေ့မှာ CDM ဝန်ထမ်းများနှင့် စစ်သင်တန်း တက်ရောက်နေသူများကို ထောက်ပံ့ရေး ဆောက်ရွက်ပေးနေသည့် ဇမ္ဗူသီရိမြို့နယ်ရှိ Mr. Hello စားသောက်ဆိုင်ပိုင်ရှင် ရူပကို ၎င်း၏ဆိုင်တွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်အရ မေလ ၈ ရက်နေ့မှာ ဥတ္တရသီရိမြို့နယ်ရှိ နံ့သာမြင့် သစ်စက်ပိုင်ရှင် သိန်းဇော်ကို ဇမ္ဗူသီရိမြို့နယ်မှာ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ မေလ ၇ ရက်နေ့မှာ မင်္ဂလာဒုံမြို့နယ်၌ မသင်္ကာဖွယ်ရာများ တွေ့ရှိရသဖြင့် ညှိစာရင်း စစ်ဆေးစဉ် ထွဋ်ထက်လင်း အပါအဝင် သုံးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ဆက်စပ် ဖော်ထုတ်ချက်များအရ သန်လျင်မြို့နယ်၌ အကြမ်းဖက်သင်တန်းပြုလုပ်နေသည့် ကျား ၁၁ ဦး၊ မ ငါးဦးတို့ကို ကော်သေနတ် ခြောက်လက်၊ လက်ပစ်ဗုံးအတု နှစ်လုံး၊ ၎င်းကော်စေ့ကျည် တစ်ခြင်းတို့နှင့် အတူ သိမ်းဆည်းရမိခဲ့ကြောင်း၊ မေလ ၁၀ ရက်နေ့မှာ လှည်းကူးမြို့နယ်၌ ဖောက်ခွဲရေး သင်တန်းသင်ကြားနေသည်ဟု သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဇော်ထိုက်နဲ့ ဘီဂါး (ခ) ကိုကိုဇော်တို့ကို ပွိုင့်-၂၂ (၁)လက်၊ ကျည် ၁၁၈ တောင့်၊ လေသေနတ် တစ်လက်၊ လက်လုပ်မိုင်း ၄၈ လုံးနှင့် ဒီတိုနေတာ ၁၅ ချောင်း သိမ်းဆည်းရမိခဲ့ကြောင်း။

မေလ ၁၁ရက်နေ့မှာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေသည့် မြတ်ထူး (ခ) ကိုဇွဲ အပါအဝင် လေးဦးကို စနိုက်ပါလေသေနတ် တစ်လက်၊ ယမ်းကြိုးတစ်ခွေ၊ စတီးဘောစေ့ ၂၅ထုပ်၊ အဝါရောင်/အဖြူရောင်ကန့်မှုန့် ၁၂ ပိဿာခန့်၊ မီးရှို့စနက်တံ ၂၇ခု၊ ဒေသန္တရယမ်းမှုန့် ၄၀ကျပ်သားခန့်၊ ပုလဲခါတ်မြေသြဇာ ခုနစ်ပိဿာခန့်၊ စားပွဲတင်နာရီ(အသေး) ရှစ်လုံး၊ AAA ဓာတ်ခဲ ခုနစ်လုံး၊ 9 Volt ဓာတ်ခဲ ၁၂လုံးနဲ့ အခြားဖောက်ခွဲရေးပစ္စည်းများကို ဒက္ခိဏသီရိမြို့နယ်မှာ သိမ်းဆည်းရမိခဲ့ကြောင်း ပြောကြားသည်။

### အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်

ထိုဖြစ်စဉ်များကို သုံးသပ်ကြည့်ရင် အကြမ်းဖက်ဆူပူဆန္ဒပြသောင်းကျန်းသူများအနေဖြင့် လမ်းပေါ်ထွက်ဆန္ဒပြမှုများ လျော့နည်းသွားသည့်အခါ ၎င်းတို့၏ ရပ်တည်နိုင်မှု လျော့နည်းလာခြင်းကြောင့် ပြည်သူလူထု၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့် နေရာများ၊ အုပ်ချုပ်ရေးယန္တရားများကို မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးပစ်ခြင်းတို့ကို ဆောင်ရွက်နေခြင်းများကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း စိုးရိမ်စိတ်များ ဖြစ်လာအောင်၊ မငြိမ်မသက်မှုများဖြစ်လာအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ထိုလက်လုပ်ဗုံး၊ မိုင်းတွေကို မြို့ထဲမှာ ဆောင်ရွက်တပ်ဆင်နေခြင်းကြောင့် ဗုံးကွဲပြီး သေဆုံး၊ ဒဏ်ရာရမှုဖြစ်စဉ်များ ရှိပါကြောင်း၊ ၎င်းတို့သည် ပြည်သူလူထုအကြားမှာ ပြည်သူလူထုကို အကာအကွယ်ယူပြီး အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းများသည် ပြည်သူလူထုကို အများဆုံးထိခိုက်စေခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၁ ရက်မှ မေလ ၁၂ ရက်အထိ ဆူပူအကြမ်းဖက်သူများ၏ လူမဆန်သည့်လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူ ၆၃ ဦး သေဆုံးခဲ့ပါကြောင်း။

၎င်းအဖျက်သမားများနှင့် ပတ်သက်သည့်သတင်းများ၊ လှုပ်ရှားမှုများ၊

စာမျက်နှာ ၂၁ သို့

# မှိုင်းမိသူများ

ငယ်တုန်းခါ ဖတ်မဝတဲ့
အမှတ်တရ ရှေးပုံပြင်။
ခွေးစကားယုံတဲ့ကျား
သနားဖွယ်ပင်။
ခုများတော့ ထိုပုံပြင်
ပါစင်အောင် တက်တက်မှား။
ယုတ္တိမတန် မဟုတ်စကားတစ်ရပ်ကိုပဲ
ဟုတ်သည့်ဟန် တုတ် ဓား ပါးစပ်တွေနဲ့
အပ်မအပ် ရာမရာ
အသေအချာအတွေးမပွား
မရေမရာ အလေ့အမွှားတွေမို့
ကလေးကလား
ခွေးစကားကျားမယုံလည်း
ယုံကြည်စွာ သတင်းအနုတ်ကိုဖြင့်
မှုန်ရီပြာ အတင်းတုတ်ကြပြန်ပေါ့
ရုပ်သဏ္ဍာန် မဆိုင်းကြည့်လိုက်ပြန်တော့
(ဩော်....) မှိုင်းမိသူများ။ ။

အောင်ကျော်ထွန်း(ရန်ကင်း)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပညာရပ်ဆိုင်ရာသင်တန်းများဖွင့်လှစ်

နေပြည်တော် မေ ၁၇

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများစွမ်းဆောင်ရည်တိုးမြင့်စေရန်အတွက် Graphic နှင့် Camera ပညာရပ်ဆိုင်ရာ သင်တန်းများကို မေ ၁၇ ရက်က နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျွမ်းကျင်ပညာရှင်များက ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းနှင့် အွန်လိုင်းလွှင့်တင်ခြင်းများတွင် Computer Graphic များအသုံးပြုနိုင်ရန်၊ Camera ရိုက်ကူးမှုတွင် သတင်းနှင့်အစီအစဉ်များ ရိုက်ကူးနိုင်ရန် မျှဝေပို့ချပေးကြမည်ဖြစ်သည်။

ယင်း Computer Graphic သင်တန်းနှင့် အစီအစဉ်ရိုက်ကူးမှု Camera သင်တန်းကို မေ ၁၇ ရက်မှ မေ ၂၁ ရက်အထိ လည်းကောင်း၊ သတင်းရိုက်ကူးရေး Camera သင်တန်းနှင့် Studio အတွင်းရိုက်ကူးရေး Camera သင်တန်းတို့ကို မေ ၂၄ ရက်မှ မေ ၃၁ ရက်အထိ လည်းကောင်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်အလိုက်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်






အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၀၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၂၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၀ | ကျပ် | ၁၀၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၀၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၅၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၀၀၀ | ၃၅ | ၃၁၅၅၀၀ |
| MTSH | ၀ | ၀ | ၀ | ၀ |
| MCB | ၃၅၅၀ | ၃၅၀၀ | ၄၃၆၈ | ၁၅၂၈၈၁၅၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၃၀၂ | ၅၈၈၉၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၈ | ၂၁၉၅၀ |
| EFR | ၃၁၀၀ | ၂၈၀၀ | ၄၃၉ | ၁၂၈၂၁၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# "CDM" မလုပ်ခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် "Social Punishment" ခံနေရသူများအတွက် ...

*ဒေါက်တာရင်ရင်နွယ်*

ဤဆောင်းပါးကို ရေးရခြင်းအကြောင်းမှာ "CDM" မလုပ်ခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် "Social Punishment" ခံနေရသူများအတွက် ဖြစ်ပါသည်။

သူတို့သည် အမှားနှင့်အမှန်ကို ခွဲခြားသိသော်လည်း ဘေးပတ်ဝန်းကျင်မှပြောသော စကားများနှင့် Facebook ပို့စ်များကြောင့် သူတို့၏စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်ကောင်းဖြစ်နေနိုင်သည်။ သိမ်ငယ်ညှိုးနွမ်းနေသော ခံစားချက်များ၊ မိမိအလုပ်ကြောင့်ဖြစ်စေ၊ မိမိ၏ မိဘများကြောင့်ဖြစ်စေ ရှက်သောခံစားချက်များလည်း ဖြစ်ပေါ်နိုင်သည်။

**အနောက်နိုင်ငံမှလာသော သဘောတရားတစ်ရပ်**

"CDM" မှာ အနောက်နိုင်ငံမှလာသော သဘောတရားတစ်ရပ်ဖြစ်၍ အင်္ဂလိပ်စကားလုံးများဖြစ်သည့်အတွက် "CDM" မလုပ်လျှင် မိမိကပဲ ခေတ်မဆန်သလို ခံစားကောင်း ခံစားနိုင်သည်။ CDM နှင့် Social Punishment တို့အကြောင်း ရေးသားရာတွင် ကျွန်မ၏ ကိုယ်ပိုင်အတွေ့အကြုံများကိုပါ အကျိုးသင့် အကြောင်းသင့် သုံးသပ်ထားပါသည်။ သို့မှသာလျှင် လူငယ်များအတွက် အသုံးဝင်မည်ဟု ခန့်မှန်းပါသည်။

**ဆရာမတစ်ယောက်အနေဖြင့် ကျွန်မ၏ ကိုယ်ပိုင်ရပ်တည်ချက်မှာ ရှင်းသည်။** ကျွန်မသည် မတူကွဲပြားမှုကို အပြည့်အဝလက်ခံ၍ ဒီမိုကရေစီသဘောတရားကို ယုံကြည်ကျင့်သုံးသူဖြစ်သည်။ ရင်းနှီးသောတပည့်များက သိကြပါသည်။ ကျွန်မသည် ငယ်ဘဝကပင် တပည့်များကိုဆက်ဆံရာ၌ ဆင်းရဲ ချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး မျှတစွာဆက်ဆံခဲ့သည်။ ယခုကျွန်မကို ဝေဖန်ပြောဆိုနေသော ရန်ကုန်တက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက်အချို့ကဲ့သို့ မည်သည့်တပည့်သည် ချမ်းသာသည်၊ မည်သူသည် ဆင်းရဲသည်၊ မည်သူသည် DG သမီးဖြစ်သည်၊ မည်သူသည် ဗိုလ်ချုပ်သားဖြစ်သည်ဟူ၍ ဂရုမစိုက်ခဲ့ပါ။ တပည့်များအနက် NLD ထောက်ခံအားပေးသူများ ရှိသလို တပ်မတော်နှင့် ပြည်ခိုင်ဖြိုးမှ တပည့်များလည်း ရှိသည်။ တပည့်များ၏ ကွဲပြားသော နိုင်ငံရေးအမြင်များကို နားထောင်၍ နားလည်ပေးခဲ့သည်။ ထို့ကြောင့်လည်း ဤဆောင်းပါးကို ရေးရဲသည်။


**မြန်မာပြည်တွင် Facebook ကို မှီဝဲအသုံးပြုသူအများစုမှာ အပေါ်ယံလောက်သာ စဉ်းစားကြသည်။** ထို့အပြင် မြန်မာအများစုမှာ အင်္ဂလိပ်စကား ညှပ်သုံးလျှင် သို့မဟုတ် လူတစ်ဦးသည် အင်္ဂလိပ်စကား သွက်သွက်လက်လက် ပြောတတ်လျှင် အခြားအရည်အချင်းများကို မကြည့်ဘဲ ထိုသူကို အထင်ကြီးတတ်ကြသည်။ ကျွန်မကိုယ်တိုင်မှာ အင်္ဂလိပ်စာနှင့် စကား ကျွမ်းကျင်ပါသည်။ နိုင်ငံတကာအလုပ်ခွင်၌ အနောက်တိုင်းသားများ၏ အင်္ဂလိပ်စာအရေးအသားကိုပင်လျှင် ပြင်ရေးပိုင်ခွင့်ရှိသော အဆင့်တွင် လုပ်ရသည်။ "CDM" နှင့် "Social Punishment" လုပ်သည်ဟု ဂုဏ်ယူနေသူများသည် ဤအင်္ဂလိပ် အသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို နားလည်ရန် လိုအပ်မည်ဟု မြင်ပါသည်။

**မူရင်းအဓိပ္ပာယ်မှ တလွဲတချော်ဖြစ်နေ**

**CDM နှင့် Social Punishment လုပ်နေသူအများစုမှာ နဂိုအင်္ဂလိပ်အသုံးအနှုန်း၏ မူရင်းအဓိပ္ပာယ်မှ တလွဲတချော် ဖြစ်နေသည်ကိုတွေ့ရသည်။** CDM အသုံးအနှုန်းမှ "Civil Disobedience" ကိုဆန်းစစ်ပါက နိုင်ငံတကာမှလက်ခံသော အဓိပ္ပာယ်သတ်မှတ်ချက်မှာ အမေရိကန် ဒဿနိကဗေဒပညာရှင် Rawls ၏ သတ်မှတ်ချက်ဖြစ်သည် (အညွှန်း ၁)။ "Civil Disobedience" မှာ (က) နိုင်ငံရေးပေါ်အခြေခံသည်။ (ခ) လူသိရှင်ကြား လုပ်ပြကြသည်။ (ဂ) အကြမ်းဖက်မှု မပါစေရ။ (ဃ) ဥပဒေ သို့မဟုတ် အစိုးရပေါ်လစီများကို ပြောင်းလဲစေရန် ဥပဒေတစ်ရပ်ကို တမင်သက်သက် ချိုးဖောက်ခြင်းဟူသော အဓိပ္ပာယ်သက်ရောက်မှု ရှိသည်။

Civil Disobedience ကို အသုံးပြုခဲ့သော နာမည်ကြီးအာဖရိက-အမေရိကန် သိက္ခာတော်ရဆရာ ဒေါက်တာကင်းဂ် (Reverend Dr. Martin Luther King Junior, ၁၉၂၉-၁၉၆၈) ၏ ထွက်ဆိုချက်မှာ Civil Disobedience ကို ပိုမိုရှင်းလင်းစေသည် (အညွှန်း ၂)။ ဒေါက်တာကင်းဂ်သည် "တရားမျှတမှုမရှိသော ဥပဒေတစ်ရပ်ဟု မြင်သောသူသည် ထိုဥပဒေကို တမင်သက်သက် ချိုးဖောက်သည်။ ထိုဥပဒေချိုးဖောက်မှုအတွက်လည်း လိုလိုချင်ချင်ထောင်ဒဏ်ချခံသည်" ဟုဆိုသည်။

ဒဿနိကဗေဒပညာရှင် ဆိုကရိတ်တီးစ် (Socrates, 470–399 BC) သည်လည်း Civil Disobedience လုပ်ခဲ့သည်ဟု ဆိုကြသည်။ သူသည် "ဂရိစ်နိုင်ငံ၌ ယုံကြည်ကိုးကွယ်သော ဘုရားများကို မယုံကြည်ရေးတရားများ သင်ကြားဟောပြောသည့်အတွက်"သေဒဏ်ချခြင်း ခံရသည်။ ဆိုကရိတ်တီးစ်သည် သင်ကြားဟောပြောခြင်းများကိုမရပ်ဘဲ အဖမ်းခံခဲ့သည်။ အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးနိုင်ပါလျက်နှင့် ထွက်မပြေးဘဲ ထိုခေတ်က သေဒဏ်ဖြစ်သည့် Hemlock အဆိပ်ရည်ကို မဆိုင်းမတွ သောက်သေခဲ့သည်။ မြန်မာပြည်မှ ဝန်ထမ်းများ CDM လုပ်ခြင်းသည် သူတစ်ပါးအပေါ် အကျပ်ကိုင်မှု (coercion) ပါနေသည်။ CDM အစစ်ဆိုသည်မှာ ဆိုကရိတ်တီးစ်ကဲ့သို့ မိမိ၏ယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်သော ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်သင့်သည်။




**နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အစိုးရကို ဆန့်ကျင်လိုသောကြောင့် CDM လုပ်ရန် ဆုံးဖြတ်ပါက ဒီမိုကရေစီသဘောတရားများအရ ထိုဝန်ထမ်းမှာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ တစ်ချိန်တည်းတွင် ထိုဝန်ထမ်းသည် ဖြစ်လာမည့် ပြစ်ဒဏ်နှင့် အကျိုးဆက်အားလုံးကိုလည်း ဒေါက်တာကင်းဂ်နှင့် ဆိုကရိတ်တီးစ်ကဲ့သို့ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရန် ဆုံးဖြတ်ပြီးသား ဖြစ်သင့်သည်။ ဤကဲ့သို့မဟုတ်ဘဲ CDM မလုပ်သော အခြားဝန်ထမ်းများ၊ အထူးသဖြင့် မိမိ၏လက်အောက်ငယ်ဝန်ထမ်းများအား အတင်းအကျပ် CDM လုပ်ရန် ဖိအားပေးနေသော CDM ပါမောက္ခများ၊ CDM ကျောင်းဆရာများ၊ CDM ဆရာဝန်များသည် သူတို့ကိုယ်တိုင် ဒီမိုကရေစီသဘောတရားများကို ချိုးဖောက်နေသည်ဟု ဆိုရပေမည်**

**ဒီမိုကရေစီသဘောတရားများကို ချိုးဖောက်**

**နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အစိုးရကိုဆန့်ကျင်လိုသောကြောင့် CDM လုပ်ရန် ဆုံးဖြတ်ပါက ဒီမိုကရေစီသဘောတရားများအရ ထိုဝန်ထမ်းမှာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။** တစ်ချိန်တည်းတွင် ထိုဝန်ထမ်းသည် ဖြစ်လာမည့် ပြစ်ဒဏ်နှင့် အကျိုးဆက်အားလုံးကိုလည်း ဒေါက်တာကင်းဂ်နှင့် ဆိုကရိတ်တီးစ်ကဲ့သို့ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရန် ဆုံးဖြတ်ပြီးသား ဖြစ်သင့်သည်။ ဤကဲ့သို့ မဟုတ်ဘဲ CDM မလုပ်သော အခြားဝန်ထမ်းများ၊ အထူးသဖြင့် မိမိ၏ လက်အောက်ငယ်ဝန်ထမ်းများအား အတင်းအကျပ် CDM လုပ်ရန် ဖိအားပေးနေသော CDM ပါမောက္ခများ၊ CDM ကျောင်းဆရာများ၊ CDM ဆရာဝန်များသည် သူတို့ကိုယ်တိုင် ဒီမိုကရေစီသဘောတရားများကို ချိုးဖောက်နေသည်ဟု ဆိုရပေမည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**မြန်မာနိုင်ငံတွင် CDM အားပေးနေသူများသည် ကလေးများနှင့် လူငယ်များ၏ ပညာရေးအခွင့်အရေးများကို ချိုးဖောက်လာကြောင်း တွေ့ရသည်။** "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်" (Convention on the Rights of the Child) တွင် ကလေးတိုင်းကျောင်းတက်ရန် အခွင့်အရေးပေးရမည်ဟု တိုက်တွန်းထားသည် (အညွှန်း ၃)။ CDM လုပ်သော ပါမောက္ခ အချို့သည် နိုင်ငံတော်ကပေးထားသောအိမ်နှင့် ပေးမည့်ပင်စင်တို့ကို အဆုံးရှုံးမခံနိုင်သောကြောင့် အလုပ်ပြန်ဝင်ပြီး အလုပ်ခွင်ထဲမှပင် ကျောင်းသားများကို ကျောင်းမတက်ရန် တိုက်တွန်းနေသည်ဟု ကြားသိရသည်။ ထိုကဲ့သို့သော ဆရာ ဆရာမများမှာ မိမိတို့၏ သားသမီးများကို လက်ရှိစနစ်နှင့်ပင် ဆုံးခန်းတိုင်အောင် ပညာသင် အခွင့်အရေးရရှိခဲ့သော်လည်း အခြားလူငယ်များ၏ အခွင့်အရေးကို ပိတ်ပင်ရန် ကြိုးစားနေသည်မှာ ရှက်ဖွယ်ကောင်းသည်။

နိုင်ငံခြားတွင်နေသော မြန်မာများသည်လည်း "စစ်ကျွန်ပညာရေး ကို အားမပေး" ဟူ၍ ကလေးများကို ကျောင်းမတက်စေရန် ဆော်ဩ ကြသည်။ ထိုမြန်မာများသည် မိမိတို့၏ကလေးများကို နိုင်ငံခြားတွင် ကျောင်းထားပြီး မြန်မာပြည်တွင် စာသင်ကျောင်းများနှင့် တက္ကသိုလ် များပျက်အောင် တိုက်တွန်းနေသည်။ အစိုးရကျောင်းများကို မသုံးလျှင် ကလေးများကို မည်ကဲ့သို့ ပညာတတ်အောင်သင်မည်ကို အဖြေမပေးနိုင်။ အခြေအနေအမှန် (reality) ကို မေ့နေသူများဖြစ်ကြ သည်။ မိမိတို့ကြိုက်နှစ်သက်သော အစိုးရမတက်မချင်း နိုင်ငံ၏စနစ် များအားလုံးကိုပျက်သုဉ်းရန် တွန်းအားပေးနေသောသူများ ဖြစ်သည်။

**ဆရာဝန်တို့၏ ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်တို့ကို ဖောက်ဖျက်**

**ဆရာဝန်များ CDM ပြုလုပ်ခြင်းသည် နိုင်ငံတကာမှလက်ခံထား သော ဆရာဝန်တို့၏ ကိုယ်ကျင့်သိက္ခာနှင့်ကျင့်ဝတ်တို့ကို ဖောက် ဖျက်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။** နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC) (အညွှန်း ၄) သည် ထိုကျင့်ဝတ်ကို ရှင်းလင်းစွာ ဖော်ပြထား သည်။ စစ်မြေပြင်၌ပင်လျှင် ဆရာဝန်များသည် ဘက်မလိုက်ဘဲ ရန်သူစစ်သည်များအပါအဝင် ဒဏ်ရာရလူနာများနှင့် ရောဂါဝေဒနာ ရှင်များအားလုံးကို ကုသအသက်ကယ်ရန် တာဝန်ရှိသည်။ နိုင်ငံတိုင်း နီးပါးတွင် ဤကျင့်ဝတ်ကို ဖောက်ဖျက်သောဆရာဝန်များကို ရှုတ်ချ ကြသည်။ ဖေဖော်ဝါရီလ အကြမ်းဖက်မှုများစသောအခါ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးသည် ကျွန်မအတွက် စိတ်ပူ၍ နိုင်ငံခြားမှ ဖုန်းဆက်လာသည်။ ထိုအမျိုးသမီးက မြန်မာ ဆရာဝန်များ CDM လုပ်ခြင်းကို ကျွန်မအထက်တွင် ဖော်ပြထားသော အကြောင်းများကြောင့် ရှုတ်ချခဲ့သည်။

**မြန်မာပြည်မှ Social Punishment သည် လူမှုရေးစည်းကမ်းများ ကို ဖောက်ဖျက်နေ၍ အခြားသူများ၏ လူ့အခွင့်အရေးများကိုပါ ချိုးဖောက်နေကြောင်း တွေ့ရသည်။** အမေရိကန်စိတ်ပညာအသင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ Social Punishment ဆိုသည်မှာ "လူတစ်ဦး၏ အပြုအမူကို မကြိုက်သဖြင့် ထိုသူနှင့်မဆက်ဆံခြင်း၊ ထိုသူကို ရှုတ်ချခြင်း အစရှိသည့် အကျပ်ကိုင် အပြစ်ဒဏ်ပေးခြင်း" ဖြစ်သည်။ ကျွန်မတစ်ဦးတည်းသာလျှင် ဆုံးဖြတ်ရမည့် ကျွန်မ၏ အလုပ်ကိစ္စကို ဘူမိဗေဒတပည့်များက မနှစ်သက်ရုံသာမက ရှုတ်ချ ကြသည်။ သူတို့ကို ငယ်စဉ်က ပညာသင်ကြားပေးခဲ့သော ဆရာမကို ပက်စက်စွာ ဆိုရှယ်မီဒီယာပေါ်မှာ သူ့ထက်ငါလုယက်ပြီး အပြိုင် ရိုင်းစိုင်းကြသည်။

ကျွန်မ၏ ကျေးဇူးမကင်းသော တပည့်များ ပါဝင်နေသလို တပ်မတော်နှင့် ကျေးဇူးမကင်းသူများ၊ တပ်မတော်နှင့် ပတ်သက် နေသူများလည်း ပါဝင်ကြသည်။ အံ့ဩဖွယ်ရာမှာ ကျွန်မလောက် ပညာမပြည့်စုံ၊ နိုင်ငံ့အဆင့် အတွေ့အကြုံမရှိသော တပည့်များနှင့် မိတ်ဆွေများသည် ကျွန်မ၏ဘဝနှင့်ပတ်သက်၍ သူတို့သာ မှန်ကန် သည်ဟု ယူဆကြသည်။

"ဆရာမက ဒီလောက် ပြောနေတဲ့ကြားထဲက ဆက်လုပ်နေတာ ကိုး" ဟူ၍ မိုက်ရိုင်းစွာ ဆဲဆိုနေသူများ၏ စကားကိုပဲ နားထောင် ရမလို ဖြစ်နေသည်။ အထက်ပါတို့ကို ဖော်ပြခြင်းမှာ ကျွန်မစိတ် ထိခိုက်သောကြောင့်မဟုတ်။ Social Punishment ခံနေရသော လူငယ်များကို အားပေးလိုသောကြောင့်ဖြစ်သည်။ ကျွန်မအတွက် Social Punishment ၏ ကောင်းသောအကျိုးဆက်မှာ မည်သူက စေတနာ စစ်မှန်သည်ကို သိလာသည်။ ကျွန်မသည် ကံကံ၏အကျိုးပေး ကို ယုံကြည်သူဖြစ်သည့်အတွက် ကျန်တပည့်များနှင့် အကောင်းမမြင် နိုင်သူများကို ဥပေက္ခာထားနိုင်သည်။

**စိတ်ဓာတ်ကျဆင်း**

**စိတ်ဓာတ်ခိုင်မာသောသူများသည် Social Punishment ကိုဂရုမစိုက်။** ထိုကဲ့သို့ စိတ်ဓာတ်ခိုင်မာရန်လည်း လူငယ်များက ကြိုးစားသင့်ပါသည်။ မိမိဘဝအတွက် မိမိ၏ ဆုံးဖြတ်ချက်သာလျှင် အဓိက ဖြစ်သည်။ Facebook နှင့် အပေါင်းအသင်းများကို အားမကိုးဟု ခံယူသင့်ပါသည်။ အပေါင်းအသင်းကို အားကိုးသော လူငယ်များသည် ထိုအပေါင်းအသင်းများနှင့် မတွေ့ရလျှင် စိတ်ဓာတ် ကျဆင်းခြင်းရောဂါ (depression) ပိုမိုဖြစ်လွယ်သည်ဟု ကိုဗစ် လော့ခ်ဒေါင်းကာလတွင် တွေ့ခဲ့ရသည် (အညွှန်း ၅)။

Social Punishment သက်သက်ဟူသည် ပြစ်မှုမဟုတ်သော်လည်း Social Punishment မှတစ်ဆင့်တက်လာ၍ အလုပ်မသွားရဲ အောင် အကြီးအကဲက မိမိကို အနှောင့်အယှက်ပေး အနိုင်ကျင့်နေပါက (harassment and bullying) တရားဥပဒေအရ အရေးယူနိုင်ရန် တိုင်ကြားသင့်ပါသည်။ ။

**အညွှန်းများ**


(၁) Rawls, J. (1971). A Theory of Justice. Cambridge, MA: Harvard University Press.

(၂) King, Jr. M.L. (1963) Letter from a Birmingham Jail

(၃) United Nations (1989). Convention on the Rights of the Child.

(၄) International Committee of the Red Cross, International Humanitarian Law Database. Geneva Convention Protocol Additional to the Geneva Conventions of 12 August 1949, and relating to the Protection of Victims of International Armed Conflicts (Protocol I), of 8 June 1977.

(၅) Abbott, A. (2021) COVID's mental–health toll: how scientists are tracking a surge in depression. Nature, Vol 590. 11 February 2021.


*စာမျက်နှာ ၁၈ မှ*

မသက်ဝင်စရာများကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင် များကို ပေးကြရန် တိုက်တွန်းလိုပါ ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် အဖျက်သမားများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးရမည့် ပြည်သူလူထုနဲ့ ပြည်သူပိုင် အဆောက်အဦများကို ကာကွယ်ပေး ခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံးတစ်ခု အနေဖြင့် ယခုကာလအတွင်းမှာ အချို့ မီဒီယာများ၊ NLD ပါတီဝင် အစွန်းရောက် များ၊ သွေးထိုးမြှောက်ပင့်နေသူများအနေ ဖြင့် အချက် ၃ အပေါ်မှာ မူတည်ပြီး သတင်းမှားများ၊ လုပ်ကြံသတင်းများ ဖန်တီးပြီး ဆူပူအကြမ်းဖက်မှုများ ပိုမို ဖြစ်ပွားလာအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင် များအပေါ် အထင်အမြင်လွဲမှားအောင်၊ ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့် စိတ်တွေဖြစ်ပေါ်လာအောင် ဆောင်ရွက် လာခြင်းကို တွေ့ရကြောင်း၊ ၎င်းတို့ ဆောင်ရွက်နေသည့် သတင်းမှားတွေ၊ လုပ်ကြံသတင်းများမှာ နံပါတ်တစ် အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ငွေနှင့် ပစ္စည်းများယူနေသည်ဟု စွပ်စွဲ လုပ်ကြံနေခြင်းများဖြစ်ကြောင်း၊ ထိုကိစ္စ နှင့် ပတ်သက်ပြီး စိစစ်တွေ့ရှိချက် တစ်ခုကို ပြောလိုကြောင်း၊ မေလ ၉ ရက်နေ့နေ့လယ်၂ နာရီမှာ ဗိုလ်တထောင် မြို့နယ်၊ ရာဇဒရာဇ်လမ်းနှင့်ကုန်သည် လမ်းပေါ်မှာ လုံခြုံရေးဆောင်ရွက်နေ သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ငွေ ၂၅ သိန်းယူသွားသည်ဟု စွပ်စွဲချက်ပေါ် ပေါက်ခဲ့ကြောင်း၊ အမှုဖွင့်၊ အမှုလက်ခံ စစ်ဆေးရာ စွပ်စွဲပြောဆိုသူ ကိုယ်တိုင်က ၎င်းငွေ ၂၅ သိန်းကို ၎င်း၏ ရည်းစားကို ပေးခဲ့ကြောင်း၊ ၎င်း၏အစ်မများကို အဆိုပါ ငွေ ၂၅ သိန်းကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ယူသွားသည်ဟု လိမ် ပြောခဲ့ပါကြောင်း၊ စနစ်တကျ စစ်ဆေး တဲ့အခါ အဖြစ်မှန် ပေါ်ပေါက်လာပါ ကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် ပြည်သူလူထုကို အသိပေးလိုသည်မှာ လုံခြုံရေးတပ်ဖွဲ့ များအနေဖြင့် ပြည်သူလူထုထံက ငွေ၊ ပစ္စည်းတောင်းယူခြင်းများရှိလျှင် သက် ဆိုင်ရာကို တိုင်ကြားပေးကြရန် လိုအပ် ကြောင်း၊ မိမိတို့ စိစစ်ဆောင်ရွက်မှုများ၊ ဥပဒေအတိုင်းဖြစ်စေမှုများ ဆောင်ရွက် ပေးမည်ကို ပြောလိုပါကြောင်း။

**သက်သေ ခိုင်ခိုင်လုံလုံဖြင့် တိုင်ကြားနိုင်**

အလားတူ ရန်ကင်းမှာရှိသည့် "ပို့ပို့" အာမခံရွှေဆိုင်ကို မေလ ၉ ရက်နေ့ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်မှာ အမျိုးသား ငါးဦးက ဝင်ရောက်လုယက်ခဲ့ပါကြောင်း၊ ရွှေ ထည် ၁ ပိဿာ ၃၀ ကျပ်သားနှင့် ငွေကျပ်သိန်း ၄၀ ပါသွားကြောင်း၊ ထိုကိစ္စကို ဆက်စပ်ဖော်ထုတ်သည့်အခါ တရားခံ ခြောက်ဦးကို လုယက်ခဲ့သည့် ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ ကြောင်း၊ ထူးခြားချက်မှာ ထိုတရားခံ များ ဖမ်းမိသည့်နေရာမှာ သေနတ်၊ လက်လုပ်ဗုံး၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် Hand Speaker များ၊ ခေတ်ငွေ့ကာ မျက်မှန်များ၊ စကားပြော စက်များ၊ ဒီတိုနေတာများကို ဖော်ထုတ် ရရှိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိသူ အများစု သည် အသက် ၂၀ နှင့် ၃၀ ကြား ဖြစ် ကြောင်း၊ ယခုလို အခြေအနေမျိုးမှာ ထိုလူမျိုးများရှိနေခြင်းကို မိဘပြည်သူ များသတိရှိစေ လိုပါကြောင်း၊ နံပါတ် နှစ်အချက်အနေဖြင့် အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုရှိသည်ဟု စွပ်စွဲချက်များ ဖြစ်ပါ ကြောင်း၊ အဓိပ္ပာယ် မရှိသည့်စွပ်စွဲချက် ပင်ဖြစ်ပါကြောင်း၊ မိမိတို့ မတ်လ အတွင်းက ပြုလုပ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတွင် မိဘပြည်သူများအပေါ် အသိပေး ပြောကြားခဲ့ဖူးကြောင်း၊ ယခင် ၈၈ အရေးအခင်းတုန်းက ဖမ်းဆီးခံ ရသူများကို မုဒိမ်းကျင့်ခြင်း၊ မတော် မတရားလုပ်ခြင်းစသည့် စွပ်စွဲချက်များ လာလိမ့်မည်ဟု ကြိုပြောခဲ့ပါကြောင်း၊ ဒီကိစ္စကို အဲဒီတုန်းက နာမည်ကြီး သတင်းဌာနတစ်ခုက ဝေဝေဆာဆာ လွှင့်ခဲ့ပါကြောင်း၊ အချိန်တန်တော့လည်း ကာယကံရှင် ကိုယ်တိုင်ဝန်ခံသည့် ဝန်ခံချက် ပေါ်ပေါက်လာခဲ့ရပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထို ကိစ္စများ ကျူးလွန်လျှင် သက်သေ ခိုင်ခိုင်လုံလုံဖြင့် တိုင်ကြားနိုင်ပါ ကြောင်း။

နံပါတ်သုံးအနေဖြင့် တိုက်ပွဲ သတင်း၊ ထိတွေ့မှုသတင်းများကို လုပ်ကြံဖန်တီးပြီး သွေးထိုးမြှောက်ပင့် ပေးနေခြင်းဖြစ်ကြောင်း၊ အဓိကကတော့ "ဘယ်နေရာမှာ တိုက်ပွဲဖြစ်တယ်၊ လုံခြုံရေး တပ်ဖွဲ့ဝင် ဘယ်လောက် သေသွားတယ်။ ဒါ့ကြောင့် ဆက်လက် တိုက်ပွဲဝင်ကြပါ၊ အရေးတော်ပုံအောင်ရ မည် စတဲ့မြှောက်လုံး၊ ပင့်လုံးများဖြစ် ကြောင်း၊ ထိုမြှောက်လုံး၊ ပင့်လုံး အောက်တွင် အပြစ်မဲ့သည့်လူငယ်များ မည်မျှ သေဆုံးနေခြင်း၊ အပြစ်မဲ့သည့် လူငယ် မည်မျှထိခိုက်ဒဏ်ရာရနေခြင်း၊ မည်မျှ ထွက်ပြေးနေရခြင်းကို သတိချပ် စေလိုကြောင်း၊ ထိုကိစ္စမှ မိမိတို့အနေနှင့် ဖြစ်ပျက်ခဲ့သည့်သတင်းများကို ထုတ်ပြန် ပေးလျက်ရှိကြောင်း၊ ထိုမြှောက်လုံး၊ ပင့် လုံးများကို လုပ်နေသည့်သူများသည် ဘေးကင်းသည့်နေရာမှာရှိနေပြီး ပြည်သူ လူထုနှင့် လူငယ်ကိုမြှောက်ပင့်ပေးနေ ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**ပုံကြီးချဲ့ပြကြ**

"တောမီးလောင် တောကြောင် လက်ခမောင်းခတ် " ဆိုသည့်ဆိုရိုး ရှိပါ ကြောင်း၊ တောမီးလောင်လို့တောတွင်း မှာရှိသည့် ယုန်၊ ပုတက်စသည့် သတ္တဝါ ငယ်များ ပြေးလွှားနေချိန်မှာ တော ကြောင်က အခွင့်ကောင်းပေါ်ပြီဆိုပြီး ဝမ်းသာနေသလို အခွင့်ကောင်းယူ နေခြင်းဖြစ်ကြောင်း၊ ယခုအခါ တောမီး လောင်ခြင်း မဟုတ်ဘဲ မီးမလောင် လောင်အောင်ရှို့ခြင်း ဖြစ်ကြောင်း၊ မီး မလောင်ရင်တောင် မီးခိုးလောက်ထွက် လာလျှင် မီးခိုးကို ပုံကြီးချဲ့ပြကြကြောင်း၊ ရိုးသားသည့် ပြည်သူလူထုကို အကြမ်း ဖက်မှုများမှာ ပါလာအောင် ကျုံးသွင်း နေကြကြောင်း၊ ထို့ကြောင့် မိမိပြောလို ခြင်းမှာ " ရှို့မီးကူး၊ အဖျက်သမားမြူး " ဖြစ်ကြောင်း၊ ရှို့မီးကူးလျှင် အဖျက်သမား များမြူးနေခြင်းကို မြင်အောင် ကြည့်ပြီး မိမိရပ်ရွာလုံခြုံရေး၊ မြို့နယ်လုံခြုံရေး၊ အေးချမ်းသာယာရေးကို လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာ ရပ်ခံပြောကြားကြောင်း၊ ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှ ပြောရေးဆိုခွင့်ရှိသူများက ဆက်လက် ရှင်းလင်းသွားမည်ဖြစ်ပြီး သိလိုသည့် မေးခွန်းများကို ဖြေကြားသွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌမှ ရှင်းလင်း ပြောကြားသွားမည်ဖြစ်ပြီး မီဒီယာများ သိလိုသည့် မေးခွန်းများကို မိမိအနေဖြင့် ဖြေကြားသွားမည်ဖြစ် ကြောင်း၊ မိမိတို့အနေဖြင့် ပြောကြား လိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ကျောင်းများဖွင့်လှစ် ရန်ဆောင်ရွက်နေကြောင်း၊ ကျောင်းများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်သည် မိမိတို့ တစ်မျိုးသားလုံးနှင့် ပြည်သူလူထု အတွက် ဖြစ်ပါကြောင်း၊ ပြည်သူလူထုက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြား သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးမျိုးမင်းကို | ကထိက၊ မအူပင်တက္ကသိုလ်၊ မအူပင်မြို့ | မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်အိအိမြင့် | လက်ထောက်ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၃ | ဦးချမ်းသာ | လက်ထောက်အင်ဂျင်နီယာ၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၄ | ဦးသီဟကျော် | လက်ထောက်အင်ဂျင်နီယာ၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၅ | ဒေါ်သဲစုလှိုင် | ဒုတိယနည်းပြ၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၊ ပျဉ်းမနားမြို့ | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်အယ်စတာလင်းထုံးအွယ် | လက်ထောက်ကွင်းဆင်း၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၊ ပျဉ်းမနားမြို့ | မင်းတပ်မြို့၊ ချင်းပြည်နယ် | ၅၀၅-က |  |
| ၇ | ဦးစည်သူအောင် | ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ အင်းတော်မြို့ | အင်းတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဦးနေလင်းအောင် | ကျောင်းအုပ်၊ အမက(သဲကုန်း)၊ လက်ပံတန်းမြို့နယ် | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်အေးအေးစန်း | အထက်တန်းပြ၊ အထက(၁)၊ ပဲခူးမြို့ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးပြည့်ဖြိုးကျော် | အလယ်တန်းပြ၊ အထက(သဇင်ရေကျော်)၊ ညောင်တုန်းမြို့နယ် | ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |


အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်အေးအေးစိုး (အထက်တန်းသူနာပြု) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ခင်ရွှေဆင့် (အထက်တန်းသူနာပြု) | အောင်ပန်း တိုက်နယ်ဆေးရုံ | အောင်ပန်းမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၃ | ဒေါ်ဆင့်ဆင့်ဝင်း (အထက်တန်းသူနာပြု) | တနင်္သာရီ ပြည်သူ့ဆေးရုံ | တနင်္သာရီမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အန်ဆိုင်းခေါန် (အထက်တန်းသူနာပြု) | ကွတ်ခိုင် ပြည်သူ့ဆေးရုံ | ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၅ | ဒေါ်သက်ထားဝေ (အထက်တန်းသူနာပြု) | ဇလွန် ပြည်သူ့ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်ဝင့်ဝါထွေး (သူနာပြု) | ဝေါ ပြည်သူ့ဆေးရုံ | ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်အိဇင်ဖြိုး (သူနာပြု) | ပုံဝိုး တိုက်နယ်ဆေးရုံ | မိုးမိတ်မြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါ်နွေးသဇင်လှိုင် (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | တနင်္သာရီမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်ဥမ္မာသန်း (သူနာပြု) | မိုးညှင်း ပြည်သူ့ဆေးရုံ | မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်စုမြတ်ကျော် (သူနာပြု) | မော်လမြိုင် ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# ဦးစီးအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၁) နှင့် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် - ၃၆ သင်တန်းများဖွင့်လှစ်



**နေပြည်တော် မေ ၁၇**
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဦးစီးအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၁) နှင့် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၆) သင်တန်းများဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးအမှတ် ၁၂ စုပေါင်းခန်းမနှင့် သင်တန်းခန်း(၃) ခန်းတို့တွင် Virtual စနစ်ဖြင့် ကျင်းပသည်။(ယာပုံ)

**လူ့စွမ်းအားမြှင့်တင်ရေးအစီအစဉ်**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က စာရင်းဘာသာရပ်ကျွမ်းကျင်မှု သင်တန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်များကို ပြည်သူများသိရှိနားလည် အသုံးချနိုင်စေရေး စီစဉ်ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လူ့စွမ်းအားမြှင့်တင်ရေးအစီအစဉ်များကို အခြေခံပြီး အကောင်အထည်ဖော် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊

သင်တန်းသားများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်ကို အမြဲသတိချပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ လက်စွဲ၊ နည်းဥပဒေများတွင် နိုင်ငံတကာစံများအတိုင်း ရပိုင်ခွင့်၊ တာဝန်၊ လူမှုဖူလုံရေး စသည်တို့ကို ပြဋ္ဌာန်းထား ပြီးဖြစ်ကြောင်း၊ သင်တန်းသားများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ပါတီနိုင်ငံရေးကင်းရှင်း၍ နိုင်ငံ့ဝန်ထမ်းပီပီ နိုင်ငံတော်၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်၊ နိုင်ငံသားများနှင့် နိုင်ငံတော်အစိုးရ၏ အကျိုးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အောင်မြင်ရေး တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း။

ရုံးလုပ်ငန်းစီမံခန့်ခွဲမှုတွင် ဝန်ထမ်းငယ်များကို ဦးဆောင်နေသည့် သင်တန်းသူ သင်တန်းသား ဦးစီးအရာရှိများနှင့် စာရင်းစစ်မှူးများအနေဖြင့် အတွေးအခေါ် မြော်မြင်နိုင်စွမ်း၊ ဗဟုသုတနှင့် ကျွမ်းကျင်မှု အရည်အချင်းများ ပြည့်ဝစွာဖြင့် လုပ်ငန်းတာဝန်ကျေပွန်စေရေးမှာ အထူးအရေးကြီးပါကြောင်း။

**ပြည်သူ့အကျိုးကိုပဓာနထား**

စစ်ဆေးရေးလုပ်ငန်းများသည် နိုင်ငံ့အကျိုးနှင့် ပြည်သူ့အကျိုးကို ထမ်းဆောင်နေသည့် လုပ်ငန်းဖြစ်၍ မွန်မြတ်ပါကြောင်း၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုပဓာနထားပြီး လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် အောင်မြင်ရေး အထူးဂရုပြုဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဦးစီးအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၁) တွင် သင်တန်းသား သင်တန်းသူ ၁၀၉ ဦးနှင့် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် - ၃၆ တွင် သင်တန်းသား သင်တန်းသူ ၅၈ ဦး စုစုပေါင်း ၁၆၇ ဦး တက်ရောက်ကြမည်ဖြစ်ပြီး စစ်ဆေးရေးလုပ်ငန်းများအတွက် အဓိက ဘာသာရပ်များဖြစ်သည့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းပညာ၊ ဥပဒေစည်းမျဉ်းစည်း ကမ်းလိုက်နာမှု စစ်ဆေးခြင်းပညာ၊ လုပ်ငန်းအကောင်အထည်ဖော်မှု စစ်ဆေးခြင်းပညာ၊ ဦးဆောင်မှုနှင့် ခေါင်းဆောင်မှုနောက်လိုက်ပါခြင်းပညာ၊ ရုံးစာများနှင့်သတင်းအချက်အလက်များ လုံခြုံမှုစသည့် ဘာသာရပ်(၆)ခု သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


## လူမှုရေးဝန်ဆောင်မှုလိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အကူအညီရယူနိုင်

**လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း**

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည်** ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့်အဆိုပါဝန်ဆောင်မှုများကိုရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ **နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ** ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09- 88 99 111 55 |
| ၂ | ကချင်ပြည်နယ် | 09- 66 101 55 55 |
| ၃ | ကယားပြည်နယ် | 09- 88 99 000 22 |
| ၄ | ကရင်ပြည်နယ် | 09- 88 99 000 33 |
| ၅ | ချင်းပြည်နယ် | 09- 98 00 00 104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09- 88 99 000 55 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09- 66 106 55 55 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09- 88 99 000 77 |
| ၉ | မကွေးတိုင်းဒေသကြီး | 09- 88 99 000 88 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09- 88 99 000 99 |
| ၁၁ | မွန်ပြည်နယ် | 09- 88 99 111 77 |
| ၁၂ | ရခိုင်ပြည်နယ် | 09- 88 99 111 88 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09- 66 112 55 55 |
| ၁၄ | ရှမ်းပြည်နယ် | 09- 88 99 111 33 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09- 66 114 55 55 |


❍ *ကျောဖုံးမှ*

ကစားသမားများ ဂိုးရရှိရန် ဆန္ဒစောနေခြင်း၊ အဆုံးသတ် မသေချာခြင်း၊ အိုဆာဆူနာဂိုးသမား လက်စွမ်းပြ ကာကွယ်ထားနိုင်ခြင်းတို့ကြောင့် အေဘီမက်အသင်း ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

ပွဲချိန်၅၉မိနစ်တွင်အေဘီမက်အသင်းဦးဆောင်ဂိုးရရှိခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ဦးဆောင်ဂိုးကို အိုဆာဆူနာအသင်းက ပွဲချိန် ၇၅ မိနစ်တွင် ရရှိခဲ့ပြီး ဂါစီယာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘူဒီမီယာက သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် အေဘီမက်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၈၂ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး လူစားဝင်ကစားသမား ဂျာအိုဖီးလစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် လိုဒီက သွင်းယူပေးနိုင်ခဲ့သည်။ ရလဒ်ကောင်းရရှိရေး အာရုံစိုက်လာသည့် အေဘီမက်အသင်းသည် တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် အနိုင်ဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၈၈ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ဂိုးကို ကာရက်စ်ကို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆွာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ဆွာရက်ဇ်သည် ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီ လာလီဂါတွင် ၃၁ ပွဲကစားပြီး ဂိုး ၂၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။

အေဘီမက်အသင်းသည် ရာသီပိတ်ပွဲစဉ်အဖြစ် မေ ၂၃ ရက်တွင် တန်းဆင်းဇုန်အတွင်းမှ ဗယ်လာဒိုလစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လာလီဂါပွဲစဉ် (၃၇) မှ အခြားသော အသင်းကြီး ပွဲစဉ်ရလဒ်များအနေဖြင့် ရီးရဲမက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းက ဆယ်တာဗီဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဘီလ်ဘာအိုကို အနိုင်ရရှိခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့ပြီး ဘာစီလိုနာအသင်းက ဆယ်တာဗီဂိုအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက် ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။ **အောင်ဇော်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၇

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၁၆ ရက် နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မြောက်ပြင်ရပ်ကွက်နေ ဇော်လင်းထွန်း(၄၁ နှစ်) (ဘ)ဦးညွန့်လင်းကို လက်လုပ်မိုင်း ၁၉ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ညနေ ၄ နာရီခွဲခန့်တွင် မိတ္ထီလာမြို့နယ်မြေရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ တရားခံဖြစ်သူ ဝန်ဇင်းရပ်ကွက်နေ ထိန်မင်းခိုင်(၅၇ နှစ်) (ဘ)ဦးဘထိန်ကို ဖမ်းဆီးရမိရေးအတွက် ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ ၎င်း၏သားဖြစ်သူ အောင်ခန့်မင်းထိန် (၂၁)နှစ်ကို နေအိမ်အတွင်းမှ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်းနှစ်လုံး၊ ဓာတ်ဆီများထည့်ထားသော ပုလင်းနှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ည ၁၀ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ အမှတ်(၉)ရပ်ကွက်နေ ဦးစိုင်းမိုးရှိန်း(၂၆)နှစ်(ဘ) ဦးတင်ရှိန်း နှင့် ဦးမင်းအောင်(၄၁ နှစ်) (ဘ) ဦးဌေးအောင်တို့ကို လေသေနတ် တစ်လက်စီနှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း ထိန်းသိမ်းရမိခဲ့သည်။




မိတ္ထီလာမြို့၌ လက်လုပ်မိုင်းများနှင့်အတူ ဖမ်းဆီးရမိသူ တစ်ဦးကို တွေ့ရစဉ်။

အလားတူ မွန်းလွဲ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာမတ် ကျေးရွာ၏ သင်္ချိုင်းကုန်းဘေးတွင် အရှည် ၃ ပေ ၇ လက်မခန့်ရှိ လက်လုပ်လေသေနတ် တစ်လက်ကို လည်းကောင်း၊ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ပျဉ်ထောင်ကျောင်းကျေးရွာရှိ မြေပြင်ဂြိုဟ်တု ဆက်သွယ်ရေးရုံးရှေ့တွင် အရှည် ၅ လက်မခွဲ၊ အချင်း ၂ လက်မရှိ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ငါးလုံးကိုလည်းကောင်း၊ ည ၁၂ နာရီ ၅ မိနစ်တွင် ဒလမြို့ ညောင်ကုန်းရပ်ကွက် သံလမ်းသွယ် (၂)ရှိ အများသုံးရေလှောင်ကန် ပြုလုပ်ရန် တည်ဆောက်ထားသော အဆောက်အအုံဘေးတွင် PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်သေနတ် နှစ်လက်၊ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ခုနစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၊ (၁၂)လမ်းနှင့် (၁၃)လမ်းကြားရှိ ရေကန်အတွင်း၌ ဒိုင်းမိုင်းစုံ ၈၅ ချပ်ကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်ရှိ ဝန်ဇင်းကန်ပေါင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ပိတ်ဆို့စစ်ဆေးမှုများပြုလုပ်နေစဉ် မောင်ကျော်(၃၁ နှစ်) (ဘ)ဦးကျော်စိန် မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရန် တားဆီးစဉ် ၎င်းမှ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား တိုက်မိ၍ ဆိုင်ကယ်လဲကျတိမ်းမှောက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ယာခြေသလုံးရိုးကျိုး ဒဏ်ရာရရှိခဲ့ကာ မောင်ကျော်တွင် ဦးခေါင်းဝဲချိုစောင်း ပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။ ထို့နောက် မောင်ကျော်၏လက်တွင် ကိုင်ဆောင်လာသော ပလတ်စတစ်အိတ်အတွင်းမှ သတ္တုပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံး ခုနစ်လုံး တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် စဉ့်ကိုင်မြို့နယ် ခံလူးကြီးကျေးရွာနေ လင်းလက်ကိုကို(ခ)ကိုလင်း(၂၀ နှစ်)(ဘ) ဦးလှထွန်းပါ အမျိုးသားသုံးဦးကို ဂျင်ကလိ ၂၈ ချောင်းနှင့် အကြမ်းဖက်ရာတွင်အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ထိန်းသိမ်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

နေပြည်တော်ဇေယျာသီရိမြို့နယ်တွင် ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပင်လောင်းမြို့နယ် ပင်လောင်း - တပ်ကုန်းသွားကားလမ်း လိန်းလီကြိုးတံတား ပူးပေါင်းစစ်ဆေးရေး စခန်း၌ ပင်လောင်းမှ လိန်းလီဘက်သို့ စိုင်းထွန်း (၄၉ နှစ်)မောင်းနှင်ပြီး ခွန်လှသိန်း(၂၈ နှစ်) လိုက်ပါလာသည့် PROBOX မော်တော်ယာဉ်အား ရှာဖွေရာ မော်တော်ယာဉ်၏ ကိုယ်ထည်အတွင်း၌ မူးယစ်ဆေးဝါးများ ထည့်သွင်း သယ်ဆောင်လာကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် အဆိုပါယာဉ်နှင့် ဆက်စပ်ပတ်သက်သူများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ အနီးတွင် ခွန်ညွန့်မောင်(ခ) စိုးမောင်(၂၆ နှစ်)အား HIJET မော်တော်ယာဉ်နှင့် လည်းကောင်း၊ ညနေ ၆ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ရေဆင်းမီးပွိုင့်အနီးတွင် မူးယစ်ဆေးဝါးများ လက်ခံမည့်သူများဖြစ်သည့် ဇင်သူကျော် (ခ)ကိုမြင့် (၃၄ နှစ်) နှင့် နေလင်းထွန်း(ခ)ရခိုင်ကြီး (၃၃ နှစ်)တို့ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ထိန်းသိမ်းရှာဖွေရာ PROBOX မော်တော်ယာဉ်အတွင်းမှ မူးယစ်ဆေးဝါးများ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၇၀၀၀ ကျော်တန်ဖိုးရှိ အိုက်စ် ၁၉ ကီလို၊ ကက်တမင်း ၁၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်မှ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ ၂၄ ပါ ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းကို အကြမ်းဖက်သူများက မီးရှို့သတင်းတွင် **ချင်းပြည်နယ် ကလေးမြို့** (အစား) **စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၇**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိဘဲ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုအများစုမှ ၎င်းတို့၏ သဘောဆန္ဒများအလျောက် ၎င်းတို့ထံတွင်ရှိသော တူမီးသေနတ်များ၊ လက်လုပ်သေနတ်၊ ဒူးလေးနှင့် ဂျင်ကလိများအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံလျက်ရှိရာ မေ ၁၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တူမီးသေနတ် ၂၄ လက်အား လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အောက်သက္ကယ်ကုန်းကျေးရွာမှ လက်လုပ် သေနတ်တစ်လက်အား လည်းကောင်း ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်း မရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နိမိတ်(၃၃) မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်မစီးရနယ်မြေအဖြစ် သတ်မှတ်ထားသော်လည်း လိုက်နာမှုမရှိသဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန်အတွက် စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များကို ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ တိုးမြှင့်စစ်ဆေးအရေးယူလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ မှ ဧပြီလအထိ စည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူခဲ့မှုနှင့် မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုတို့မှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်းနှင့် ယာဉ်/လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

| ကာလ | စည်းကမ်းပျက်ဖမ်းဆီးမှု | | ယာဉ်မတော်တဆမှု | | |
|---|---|---|---|---|---|
| | မော်တော်ဆိုင်ကယ် | မော်တော်ယာဉ် | ဖြစ်ပွားမှု | ဒဏ်ရာရရှိမှု | သေဆုံးမှု |
| ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ | ၃၀၄၈ စီး | ၆၃၆၆ စီး | ၃၃၃ မှု | ၃၅၅ ဦး | ၁၆၀ ဦး |

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)

## ချင်းပြည်နယ်ရှိ မြို့နယ်အချို့၌ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မေ ၁၇

**ချင်းပြည်နယ်ရှိ မြို့နယ်အချို့၌ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။**


ဖြစ်စဉ်မှာ မေ ၁၆ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ချင်းပြည်နယ် တီးတိန်မြို့ လေးလုံးရပ်ကွက်ရှိ မြို့ဝင် "ကြိုဆိုပါ၏" ဆိုင်းဘုတ်အနီး၌ လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား လက်နက်ကိုင် သောင်းကျန်းသူ အင်အား ၃၀ ခန့်မှ တောင်ကုန်းပေါ်မှနေ၍ လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါလက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့များမှာ ပြန်လည် ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်လေးဦးတွင် မျက်ခုံး၊ ယာလက်မောင်း၊ ဝဲခြေသလုံး တို့တွင် ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီ မိနစ် ၅၀ တွင် မင်းတပ်မြို့ရှိ နယ်မြေခံတပ် တပ်ဂိတ်နှင့် အနောက်ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင် သောင်းကျန်းသူများမှ လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်ခဲ့ရာ သောင်းကျန်းသူများမှာ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ည ၉ နာရီ မိနစ် ၅၀ တွင် ကန်ပက်လက်မြို့ မြို့မ (၂)ရပ်ကွက်ရှိ မြို့မရဲစခန်းအား လက်နက်ကိုင် သောင်းကျန်းသူများက ရဲစခန်း၏အရှေ့မြောက်ဘက် ကိုက် ၃၀၀ ခန့်အကွာ လက်ဖက်ခင်းဘက်မှ လည်းကောင်း၊ ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ရဲစခန်း၏ အရှေ့မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာမှလည်းကောင်း လက်နက်ငယ်၊ တူမီး သေနတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အဆိုပါ လက်နက်ကိုင် သောင်းကျန်းသူများမှာ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကန်ပက်လက်မြို့မရဲစခန်းအား လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့က လာရောက်ပစ်ခတ်မှုဖြစ်စဉ် နေရာပြမြေပုံ



မင်းတပ်မြို့၌ လုံခြုံရေးအဖွဲ့များအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လာရောက်ပစ်ခတ်မှုဖြစ်စဉ် နေရာပြမြေပုံ



တီးတိန်မြို့ မြို့ဝင်ဂိတ် လုံခြုံရေးအဖွဲ့အား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လာရောက်ပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၄ ဦး ဒဏ်ရာရရှိမှုဖြစ်စဉ် နေရာပြမြေပုံ



## လူမှုကွန်ရက်ပေါ်၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်သူအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇



နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာ ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများ၊ ဆန္ဒပြဝါဒဖြန့်မှုများ၊ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ လူမှုကွန်ရက်စာမျက်နှာ၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်ရေးသားခြင်း၊ တရားမဝင်အဖွဲ့အစည်းဖြစ်သည့် CRPH အားထောက်ခံရေးသား ခြင်းနှင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ဝန်ထမ်းများအား ဖိအားပေး ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သူ ထွန်းထွန်းဝင်း(ဘ) ဦးစိန်အေး(ဇေယျာသီရိဈေး တာဝန်ခံ)ကို မေ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်းနေထိုင်သည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်နယ်မြေ ကမ်းနားလမ်း စည်ပင်ဝန်ထမ်းအိမ်ရာ၌ ဖမ်းဆီးရမိခဲ့ပြီး မြိတ်မြို့မ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင် ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့ကအမှား သင်ခန်းစာတွေကို ကြည့်ပါ။ နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူ သူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## ဖားကန့်၊ ရမည်းသင်း၊ ပြင်ဦးလွင်နှင့် မူဆယ်မြို့နယ်တို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဌေခါကျေးရွာနှင့် မကားပင်ကျေးရွာသွား လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မိုးတင့်နှင့် ချောရီတို့ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၃၉၆ ကီလိုကို သိမ်းဆည်းရမိသည်။

အလားတူ မေ ၁၆ ရက် နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရမည်းသင်း-ရွာတန်း ကျေးရွာသွားကားလမ်းတွင် ဇင်မင်းဦး မောင်းနှင်ပြီး မျိုးဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရမည်းသင်း-ရွာတန်း ကျေးရွာသွားကားလမ်း မိုင်တိုင်အမှတ်(၄/၀)အနီးတွင် မင်းအောင်မောင်းနှင်ပြီး မမူစိန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၀ ကို လည်းကောင်း။


ထို့အတူ မေ ၁၅ ရက် ညနေ ၆ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ်(၁၂)ရပ်ကွက် မန္တလေး-လားရှိုးသွား ကားလမ်း မြနန္ဒာလမ်းဆုံအနီးတွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ် တွေ့ရှိကြောင်းသတင်းအရ သွားရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ ကို လည်းကောင်း။

မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မူဆယ်-နမ့်ခမ်းသွား ကားလမ်း လွယ်ဆုတောင်းစေတီအနီး စစ်ဆေးရေးဆောင်ရွက်နေစဉ် အမျိုးသား နှစ်ဦး (စိစစ်ဆဲ) မောင်းနှင်စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်သည် စစ်ဆေးရေးအဖွဲ့သို့မရောက်မီ ကိုက် ၁၀၀ ခန့်အကွာတွင် နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တိန်းလုံ(ရှေ့)ကျေးရွာအုပ်စု ကောင်းဆာကျေးရွာအနီးအရောက်တွင် အမျိုးသားနှစ်ဦးမှာ ဆိုင်ကယ်အား ရပ်တန့်ပြီး တောအတွင်းသို့ ထွက်ပြေးသွားသောကြောင့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၃၂ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၁.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**



**ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေ လှူဒါန်းခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၂၇/၂ နေ အဖွဲ့ဝင် ဦးဝင်း+ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ရီရီမြင့် မိသားစုမှ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေ ကျပ်(၁၀)သိန်းတိတိ လှူဒါန်းရာ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်နှင့် အဖွဲ့ဝင်လူကြီးများက လက်ခံရယူပါသည်။

**လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်**



**ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေ လှူဒါန်းခြင်း**

ကွယ်လွန်သူ သား မောင်ဉာဏ်လင်းထွန်း(Nicholas)၁၀ နှစ်ပြည့်အား ရည်စူး၍ ဦးသိန်းထွန်း-ဒေါ်မာရီလင်းအောင်တို့မှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၁၀)သိန်းတိတိ လှူဒါန်းရာ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်နှင့် ဥပဒေအကြံပေး ဒေါ်သွဲ့သွဲ့ကြည်တို့က လက်ခံရယူပါသည်။

**လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်**

# ဦးအောင်ပြည့်ဖြိုး ၁၂/လမန(နိုင်)၁၅၇၇၈၄ နှင့် အများသိစေရန် ကြေညာခြင်း

NPT PET FOOD MART(NPT PET SHOP) - နေပြည်တော် အိမ်မွေးတိရစ္ဆာန်လုပ်ငန်းစု၏ အရောင်းစာရေး၊ ငွေသိမ်း၊ ပစ္စည်းပို့၊ ယာဉ်မောင်းဝန်ထမ်းဖြစ်သူ ဦးအောင်ပြည့်ဖြိုး (ဘ)ဦးဇော်ဝင်း ၁၂/ လမန(နိုင်)၁၅၇၇၈၄ ၊ အမှတ် (၄/ ၂၀၄)၊ ရွှေဂန္ဓာအိမ်ရာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ် ၂၆၊ မဟာဆွေလမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင်နေထိုင်သူသည် လုပ်ငန်းချိန်အတွင်း တာဝန်ထမ်းဆောင်နေရာမှ ၃-၅-၂၀၂၁ ရက်တွင် ၎င်းတာဝန်ယူ ကောက်ခံထားသော လုပ်ငန်းပိုင်ငွေကြေး ကျပ်သိန်း (၆၀)ကျော်အား ယူဆောင်ကာ ယနေ့တိုင်လာရောက် အပ်နှံစာရင်းရှင်းလင်းခြင်းမပြုဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်ပြည့်ဖြိုးအနေဖြင့် မိမိယူဆောင်သွားသော လုပ်ငန်းပိုင်ငွေကြေးများအား ခုနစ်ရက်အတွင်း လာရောက်ရှင်းလင်းအပ်နှံရန် သတိပေး လိုက်ပါသည်။ အဆိုပါသတ်မှတ်ရက်အတွင်း လာရောက်ရှင်းလင်းခြင်းမပြုပါက NPT PET FOOD MART (NPTPET SHOP) - နေပြည်တော် အိမ်မွေးတိရစ္ဆာန်လုပ်ငန်းစုအနေဖြင့် ဦးအောင်ပြည့်ဖြိုးအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဦးအောင်ပြည့်ဖြိုးနှင့် အများသိစေရန် အကြောင်းကြားကြေညာအပ်ပါသည်။

**NPT PET FOOD MART(NPTPET SHOP) - နေပြည်တော် အိမ်မွေးတိရစ္ဆာန်လုပ်ငန်းစု၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B, D.B.L, D.I.L, D.M.L)　ဒေါ်တိုးတိုးအောင်မြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)　အထက်တန်းရှေ့နေ(စဉ်- ၄၅၉၇၃)**
**The Solution Power Law Firm - အမှတ် (၂၀)၊ မြေညီထပ်၊ (၁၃) ရပ်ကွက်၊**
**အုတ်ကျင်းဘုတာရုံလမ်း၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၇၉၅၉၂၀၉၃၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၈၀၀၉၄ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ် ၁၃/ကကန(နိုင်)၀၅၅၅၃၄ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ တစ်လအတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွံ့ဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၂၆၀၅ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သစ်သစ်လွင် ၁၃/ကကန(နိုင်)၀၉၀၄၅၃ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ တစ်လ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွံ့ဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## သွေးသည် အသက်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/2457 Hyundai Bus(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်စွာလတ် ၁၂/ပဇတ(နိုင်)၀၂၈၈၈၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

# အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ ရွှေသရဖီရိပ်မွန်၊ တိုက် (B)၊ အခန်းအမှတ် (8)ပိုင်ရှင် ဦးမြင့်ဇော်လတ် (ALE-၀၀၇၉၀၈)၊ ဒေါ်မြတ်သူဇာ ၁၂/ရကန(နိုင်)၀၁၃၁၂၈ တို့က အဆိုပါ တိုက်ခန်းအား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခဲ့ခြင်း၊ ပေါင်နှံခဲ့ခြင်းမရှိကြောင်း၊ ယခုအချိန်တွင်လည်း မည်သည့် အိမ်ငှားမျှ ငှားရမ်းထားခြင်းမရှိကြောင်း၊ ပိုင်ရှင်မသိရှိဘဲ မည်သူမျှ ကျူးကျော်နေထိုင်ခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**၁။ ဦးမြင့်ဇော်လတ်**
**၂။ ဒေါ်မြတ်သူဇာ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုဝင်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၆၉၁၂)**
**အမှတ် ၅၀၊ အခန်း(A- ၂၀)၊ ပထမထပ်**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၁၃၂၊၀၉- ၉၆၇၆၈၅၅၅၆**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် နယ်မြေ(၇)ခုအသီးသီးတို့တွင် သရုပ်ပြ (လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၂၀)နေရာ ခန့်ထားမည်ဖြစ်ပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| **ရာထူး** | **အနိမ့်ဆုံးပညာအရည်အချင်း** |
|---|---|
| သရုပ်ပြ | စိုက်ပျိုးရေးသိပ္ပံဘွဲ့(မဟာသိပ္ပံတက်ရောက်ခွင့် အရည်အချင်းရှိသူ) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင်
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊
(ခ) မွေးသက္ကရာဇ်၊
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်၊
(င) ဆက်သွယ်ရန်လိပ်စာ၊
(စ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံဖော်ပြပြီး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ (၁၈ - ၆ - ၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ။ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ။ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံ ထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဃ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံ လိုင်စင်ဓာတ်ပုံ(၂)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်ရေးသားဖော်ပြရန်)
(င) ပြင်ပမှ လျှောက်ထားသူများသည် သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ ဆေးလက်မှတ်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတွင် လက်ရှိရာထူး၊ လစာနှုန်းများ ဖော်ပြ၍ မိမိတာဝန်ထမ်းဆောင်ရာ လုပ်ငန်းဌာနမှတဆင့် လျှောက်ထား ရမည်။

၅။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက် များ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အရည်အချင်း စစ်ဆေးရန်အတွက် ရေးဖြေစာမေးပွဲအား ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၁)နာရီဖြင့် အောက်ပါ နေ့ရက်များအတိုင်း ဖြေဆိုရမည် ဖြစ်သည်။

| **စဉ်** | **ဖြေဆိုရမည့်ဘာသာရပ်** | **နေ့ရက်** | **အချိန်** |
|---|---|---|---|
| (က) | မြန်မာစာ | ၃ - ၇ -၂၀၂၁(စနေနေ့) | (၉:၀၀ နာရီမှ ၁၀:၀၀ နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | ၃ - ၇ -၂၀၂၁(စနေနေ့) | (၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) |
| (ဂ) | အင်္ဂလိပ်စာ | ၃ - ၇ -၂၀၂၁(စနေနေ့) | (၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီထိ) |

၇။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စီမံရေးရာဌာန ဖုန်းနံပါတ် - ၀၆၇ -၃၄၁၆၅၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃)၊ မြေကွက်အမှတ်၂၂၆/ခ၊ မြေကွက်တည်နေရာအမှတ်(၂၂၆/ခ)၊ ငွေကြာရံလမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျော်ကျော်လွင် ၁၂/တမန(နိုင်) ၀၈၈၂၃၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်ကျော်လွင်ထံမှ GP-၂၀၄၀၉(၂၀-၅-၁၉)ဖြင့်ရရှိသူ ဒေါ်သီတာဝင်း ၁၂/သဃက(နိုင်) ၀၃၆၂၄၈မှ GPပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်GPမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ ၅/၃၀၁၅(၃၁-၅-၂၀၁၉)၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ဦးကျော်ကျော်လွင်မှ ကျမ်းကျိန်လွှာ ၅/၂၉၄၃(၃၀-၅-၂၀၁၉) ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ မြေပြင်ကွင်းဆင်းရာ တစ်ထပ်၊ အုတ်ညှပ်အဆောက်အအုံ တစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ပေ(၂၀x၆၀) တိုင်းတာရရှိသဖြင့် GPဒေါ်သီတာဝင်းမှ မြေပြင်အရှိအတိုင်းရယူမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြ၍ ဂရန်(မိတ္တူ)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပြင်ဆင် ဖတ်ရှုပါရန်**

၁၄-၅-၂၀၂၁ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇) ဦးထူးဝေမင်း (ဘ) ဦးကျော်မင်း ၁၃/ကလန(နိုင်)၀၆၂၅၃၄ သိစေရန် ကြေညာခြင်းကြော်ငြာတွင် ၁၄-၁၁-၂၀၂၁ရက်စွဲ အစား ၁၄-၁- ၂၀၂၁ ရက်စွဲဟု ပြင်ဆင်ဖတ်ရှုပါရန်။

# လုံးဝ မသက်ဆိုင်တော့ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေ အရှေ့(၁၀)လမ်း၊ အမှတ် ၈၈၁ နေ ဒေါ်ပန်းအိစိုး ၁၂/သကတ(နိုင်)၂၁၇၅၅၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ MTNT/၀၂၉၅၁၃ ဦးဇေယျာနောင်(ခ)အမ်ဒွလ်ကူဒူးစ်(ဘ)ဦးလှချို(ခ) ဟာဂျီမိုဟာမွဒ်အလီနှင့် ကျွန်ုပ်၏ မိတ်ဆွေ ၁၂/ သကတ(နိုင်)၂၁၇၅၅၂ ဒေါ်ပန်းအိစိုး(ဘ)ဦးသိန်းမောင်တို့သည် ၁၄-၇- ၂၀၁၈ ရက်တွင် အစ္စလာမ်ဘာသာအရ လက်ထပ်ထိမ်းမြားခဲ့ပြီး ၁၁-၈-၂၀၁၉ ရက်တွင် အစ္စလာမ်ဘာသာအရ ကွာရှင်းခဲ့ပြီး ယနေ့အချိန်အထိ လုံးဝ ပတ်သက်ဆက်သွယ်ခြင်းမရှိပါသောကြောင့် ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပန်းအိစိုးနှင့် လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ကြည်( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၅၅၂)**
**အမှတ်(၃၉)၊ မာန်ပြေ ၆လမ်းအရှေ့**
**(၃) ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

# ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျိုက္ကစံ ဆံတော်ရှင် စေတီတော်ဝင်းအတွင်း အနောက်ဘက်မုခ်ရှိ ဘုရားကြီးကျောကပ်ဆိုင်များအား ပြန်လည်နေရာချထားရွှေ့ပြောင်းနိုင်ရေးအတွက် ဆိုင်ခန်းများ ဆောက်လုပ်ရန်(ပစ္စည်း-လုပ်အားခ)ဈေးနှုန်း ယှဉ်ပြိုင်လွှာ(အိတ်ဖွင့်တင်ဒါ)ကို မြန်မာနိုင်ငံသား ဆောက်လုပ်ရေး လုပ်ငန်းရှင်များမှ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ၁၉-၅-၂၀၂၁ရက်မှ ၁၅-၆-၂၀၂၁ရက်အတွင်း ဝယ်ယူနိုင်ပြီး ၁၆-၆-၂၀၂၁ရက် ညနေ ၄နာရီတိတိ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၄၆၈၉၀၀၁၉**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန် ဥပဒေအရ အရေးယူထားသော နိုင်ငံခြားဖြစ် အရက်မျိုးစုံအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေး ကြေညာအပ်ပါသည်-

(က) **နေ့ရက်/အချိန်** - ၃-၆-၂၀၂၁ရက် နံနက် ၁၀နာရီ
(ခ) **နေရာ** - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက် ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
(ဂ) **ပစ္စည်းအမျိုးအမည်** - နိုင်ငံခြားဖြစ် အရက်မျိုးစုံ
(ဃ) **လေလံပုံစံ ရောင်းချခြင်း** - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင်ကျပ်၅၀၀၀/- (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၃၁-၅-၂၀၂၁ ရက်မှ ၂-၆-၂၀၂၁ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(င) **ပစ္စည်း ပြသမည့်အချိန်** - လေလံပုံစံ ဝယ်ယူပြီးသူများအား ၃၁-၅-၂၀၂၁ရက်မှ ၂-၆-၂၀၂၁ရက်အထိ နံနက် ၁၀နာရီမှ ညနေ ၄ နာရီအထိ (၂) ရက် ပြသပါမည်။

၂။ အသေးစိတ် အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၅၁၆၅၂၄၁၊ ၀၉- ၄၅၆၉၈၈၄၄၈ တို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) လပွတ္တာမြို့နယ်တရားရုံးတော်၌ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၀၅

| ဒေါ်နီနီလွင် | နှင့် | ဒေါ်ကြည်ကြည်မြင့် |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အုတ်တွင်းကျေးရွာ၊ လဲပျောက်ကျေးရွာအုပ်စု၊ (ယခုနေရပ်လိပ်စာမသိသူ)ဒေါ်ကြည်ကြည်မြင့် သိစေရမည်။

သင့်အပေါ်၌ ဒေါ်နီနီလွင်က ချေးယူငွေ (၉၀၀၀၀၀)ကျပ်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် မေ ၂၇ရက် (၁၃၈၃ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ ဒေါ်ကြည်ကြည်မြင့် သည်တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခန့်ကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**လပွတ္တာမြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(A4)၊ အခန်းအမှတ် (1107)၊ အကျယ်အဝန်း(၁၁၈၅)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင် ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးတင်အောင်ဖြိုး ၁၂/ရကန(နိုင်) ၀၇၃၂၉၉မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသဖြင့် ဦးဉာဏ်ဝင်းလင်း ၁၃/တကန(နိုင်)၀၀၃၉၀၇ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဉာဏ်ဝင်းလင်း ၁၃/တကန(နိုင်)၀၀၃၉၀၇**
**ဖုန်း-၀၉-၂၅၄၂၀၂၅၉၂**
**SRS Real Estate - ဖုန်း-၀၉-၄၃၁၂၅၈၃၄၊ ၀၉-၇၇၉၇၂၆၆၂၁**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏ မိခင်ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် တပ်မတော်(ခုတင်-၁၀၀၀)ဆေးရုံကြီး နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏ မိခင်ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့ ၏မိခင် ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆)၊ ဦးပိုင်အမှတ်(၁၄၇)၊ မြေဧရိယာ(၀ဒသမ၁၈၄)ဧကရှိ မြေကွက်ကို မူလက ဦးမြဟန် အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀)ဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး (၃၀-၅-၁၉၉၈)ရက်တွင် ဦးမြ ဟန်ထံမှ ဒေါ်ဇယ်ဖေးကလည်းကောင်း၊ (၆-၄-၂၀၀၂)ရက်တွင် ဒေါ်ဇယ်ဖေးထံမှ ဒေါ်မာမာဦးကလည်းကောင်း နှစ်ဦးသဘောတူအရောင်း အဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်မာမာဦး ၁၂/မရက(နိုင်) ၀၉၅၈၉၅အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် (၈-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၁၁၁၈/၂၀၂၀)ကို (၁၁-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင် အမှတ် (၅၉၅/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ၆၀၈၊ လူနေရပ်ကွက်အမှတ်၊ ရွှေပေါက်ကံ၊ မြေကွက်လိပ်စာအမှတ် ၁၇/ ၆၀၈၊ မြေငှားစာချုပ်အမှတ် ၂၀၄၇၊ ရပက(၁၇၁/၉၅)၊ အလျား ပေ(၄၀) x အနံ ပေ(၆၀)၊ နှစ်(၆၀)ဂရန် အမျိုးအစားမြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်မာလာမြင့် ၁၂/ဗဟန(နိုင်)၀၃၉၉၂၇ က မူလအမည်ပေါက် ပိုင်ရှင်ထံမှ ၎င်းဝယ်ယူခဲ့၍ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်သင်း ၁၂/ဥကမ(နိုင်)၁၂၂၇၅၁ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇) ရပ်ကွက်**
**ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း- ၀၉- ၅၄၁၂၅၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေ ဦးမျိုးသူရထွန်း ၁၄/ဖပန(နိုင်)၁၄၅၀၆၅ တိုက်ခန်းအမှတ် (B-3/202)၊အောင်ဇေယျကွန်ပရက်(စ်)၊အလုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ (၇)လမ်း၊ မြေကွက်အမှတ်(၁၃၆၁/၁၄၂၁)၊ နှစ်(၆၀)မြေငှားဂရန် အမျိုးအစား၊ အကျယ်အဝန်း အလျား ပေ ၄၀ x အနံ ပေ ၆၀ ရှိသော မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်တစ်လုံးအပါအဝင် အကျိုး ခံစားခွင့်တို့အား ယခုလက်ရှိပိုင်ဆိုင်သော ဒေါ်ရီရီထွေး ၁၂/မဂဒ(နိုင်) ၀၄၉၉၃၁ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိပြုလုပ်မည်ဖြစ်ပါကြောင်း။

**ဦးမျိုးသူရထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝတ်ရည်**
**LL.B,D.B.L,D.M.L,WIPO(Swit)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၀၆၈)**
**အမှတ်(၇၃၉)၊ ရွှေပင့်ကူလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း-ဒေါ်မေစီလှတို့၏မိခင် ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့မီးရထား**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏မိခင် ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျောက်ပန်းတောင်းမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၆

ဦးပြည့်စုံအောင် နှင့် ၁။ ဦးဇော်ဝင်း
၂။ ဒေါ်ဝင်းမြင့်

တရားလို — တရားပြိုင်များ

ကျောက်ပန်းတောင်းမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ မြေကွက်အမှတ် (ပမ/၇၆၉)၊ ဦးပိုင် အမှတ် (၁)နေ တရားပြိုင် ဦးဇော်ဝင်း(ဘ)ဦးဝင်းမြင့်၊ ဒေါ်ဝင်းမြင့်(ဘ) ဦးစိုးမောင် (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၂၈ရက် (၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးတော်သို့ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေယံထွန်း)**
**မြို့နယ်တရားသူကြီး**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### လားရှိုးခရိုင်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၆

| | | |
|---|---|---|
| ၁။ ဒေါ်နန်းမွန်ဟန် | နှင့် | ၁။ ဦးစိုင်းထူး |
| ၂။ ဦးနေဝင်းထိုက် (ကိုယ်တိုင်နှင့်ကျန်တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | | ၂။ ဒေါ်သီသီဆွေ |
| ၃။ ဒေါ်ခိုင်သီသီဟန် | | ၃။ ဦးခင်မောင်ဆွေ |
| ၄။ ဒေါ်ခိုင်ခက်ခက်ဟန် | | ၄။ ဒေါ်မြင့်မြင့်တင် |
| | | ၅။ဦးမြတ်လေးဆောင်း |
| တရားလိုများ | | တရားပြိုင်များ |

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၅)၊ အောင်ရတနာလမ်း၊ အမှတ်(ဆ/၁၅/၂၀)နေ (၄-တ ရားပြိုင်)ဒေါ်မြင့်မြင့်တင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇွန် ၂၈ရက် (၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းမူရင်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မေ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**လားရှိုးခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂) ရပ်ကွက်၊ စာတိုက်လမ်း၊ တိုက်အမှတ်(၃၀)ဟု ခေါ်သည့် (၂)ခန်းတွဲ (၃ထပ်ခွဲ- ၅လွှာ) ကန်ထရိုက်တိုက်၏ ဒုတိယထပ် (B-4) ခြေရင်းခန်း၊ အကျယ်အဝန်း(၁၂.၅x၅၀)ပေခန့်ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ် ကတိစာချုပ်များအရ တရားဝင်လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်သက်မာထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်း (စရန်ငွေ)ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းဟန်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၂)**
**ဖုန်း- ၀၉- ၆၈၉၂၇၄၀၈၆၊ ၀၉-၉၇၇၅၁၂၆၃၆**
**အမှတ် ၁၅၆(က)/၃လွှာ၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

စာအုပ်စာပေ လူ့မိတ်ဆွေ

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မျိုးထက် ၉/ အမဇ(နိုင်)၀၂၀၈၇၅ နှင့် ဒေါ်မေသက်မေထွန်း ၉/ခအဇ(နိုင်)၀၀၄၉၄၁တို့သည် ၁၆-၅-၂၀၂၂ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးမိုးမင်းခန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၅၄၁၇၁/၂၉-၁-၂၀၂၂)**
**အကွက်(၄၂)၊ သံလျက်မှော် အရှေ့၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉- ၇၆၃၈၈၉၆၆၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နဂါဝင်းရှိ သိုလှောင်ရုံအမှတ်(၅၃၊ ၅၄၊ ၅၅)(၁၀၀'x၁၅၀'x၁၅')(သွပ်၊ သွပ်၊ ကွန်)(၃)လုံးတွဲ သိုလှောင်ရုံ (၁)လုံးအား (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်(၄)လမ်းရှိ မြေ(အလျား ၁၈၅' x အနံ ၄၄')၊ မြေဧရိယာ (၀ဒသမ၁၉၆)ဧကအား (၅)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့် လည်းကောင်း ချုပ်ဆို၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၈-၅-၂၀၂၂ရက်မှ ၁၆-၆-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချရန် ပိတ်မည့်ရက်/အချိန်** | - ၁၆-၆-၂၀၂၂ရက် ညနေ ၄ နာရီ |
| (ဂ) | **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန်** | - ၁၇-၆-၂၀၂၂ရက် မွန်းလွဲ ၁ နာရီ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ-** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |
| (င) | **စာရင်းပေးသွင်းရမည့်နေရာ** | - ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (စ) | **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်ရက်/အချိန်/နေရာ** | - ၁၇-၆-၂၀၂၂ရက်နံနက် ၁၁နာရီ၊ ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (ဆ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၈/ ၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့ |
| (ဇ) | **Deposite ပေးသွင်းနိုင်သည့်** | - တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ |

၂။ စားသုံးသူရေးရာဦးစီးဌာနမှငှားရမ်းမည့် သိုလှောင်ရုံနှင့်မြေတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာ မြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၅၉-၂၁၀၅၆၊ ၀၅၉-၂၁၂၀၄၊ ၀၉-၂၅၄၄၀၂၄၆၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အများသိစေရန် ကြေညာခြင်း

အောက်ဖော်ပြပါ ပိုင်ဆိုင်မှုများသည် ကျွန်တော် ဦးစိုင်းမြ ၁၃/တခလ(နိုင်)၀၂၄၉၄၆ အမည်ပေါက်ဖြင့် တစ်ဦး တည်းပိုင်ဖြစ်သောကြောင့် မည်သူတစ်ဦးတစ်ယောက်မှ မိမိအမည်ပေါက် ပိုင်ဆိုင်မှုများကို ပေါင်နှံခြင်း၊ ရောင်းချခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန် အသိပေးကြေညာလိုက်သည်။

(၁) အမှတ်(၃)၊ မြို့သစ်၊ရှီးလုံ မြေကွက်အမှတ် ၂၉၉၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၄၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀ မြေအမျိုးအစား A1 ဧရိယာ ၀ဒသမ၅၅၀ ဧကနှင့် ၎င်းမြေပေါ်ရှိဆီပန့်

(၂) အမှတ်(၃) မြို့သစ်၊ မြို့ပတ်လမ်း၊ အကွက်အမှတ် ၂၇၂၊ ၂၇၃ မြေအမျိုးအစား A1(၀ဒသမ၁၄၈) ဧက

(၃) နောင်ကုန်အုပ်စု ငါးကန်မြေ လွယ်မွေလမ်း၊ ကျိုင်းတုံမြို့ ၁ဒသမ ၁၅ ဧက

(၄) လွိုင်မွေ အုပ်စု၊ ဟိုလပ်ရွာ၊ ကျိုင်းတုံမြို့နယ်၊ နွားခြံမြေ (၆၄၀)ဧက

**ဦးစိုင်းမြ**
**၁၃/ တခလ(နိုင်)၀၂၄၉၄၆**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ချယ်ရီလမ်းတွင် ဖွင့်လှစ်ထားသော ခနဝန်းရံကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၈၆၄၀၃၀၈သည် ၁၄-၅-၂၀၂၂ရက်တွင် ကျင်းပသည့်ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် (၂၀၀၀)(တန်ဖိုးကျပ်သိန်း ၂၀၀၀)မှ အစုရှယ်ယာအရေအတွက် (၂၀၀) (တန်ဖိုးကျပ် သိန်း ၂၀၀)သို့ အစုရှယ်ယာ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ချယ်ရီလမ်းတွင် ဖွင့်လှစ်ထားသော ရွှေလမ်းဆုံကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၇၃၄၂၄၁သည် ၁၄-၅-၂၀၂၂ရက်တွင် ကျင်းပသည့်ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ် ယာအရေအတွက် (၅၀၀၀) (တန်ဖိုးကျပ်သိန်း ၅၀၀၀)မှ အစုရှယ်ယာအရေအတွက် (၁၅၀၀) (တန်ဖိုးကျပ် သိန်း ၁၅၀၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## မှတ်ပုံတင်အမှန်

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်တင်နွယ်ငွေး၏ မှတ်ပုံတင်အမှန်မှာ ၉/ပမန(နိုင်)၁၇၄၆၅၆ ဖြစ်ပါကြောင်း။

**ဒေါ်တင်နွယ်ငွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1578 , Toyota Landcruiser /SW(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှော်ရင် ၁၃/လရန(နိုင်)၁၀၃၁၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ အကွက်အမှတ် (၁၉/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၁၈/ခ)၊ မြေချိန်ဧရိယာ (၀ဒသမ၀၈၂)ဧကရှိ အမှုတွဲအမှတ် ၇၂၈-၅/၂၀၁၇-၂၀၁၈(အေ) ဖြင့် Regency Moderial Trading Co.,Ltd အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ဦးပြည်စံ ၁၃/ကမန(နိုင်)၀၈၉၁၁၈မှ စက်သုံးဆီ အရောင်းဆိုင်အတွက် စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ နောင်ခရီရပ်ကွက်နေ ဦးအီဘရာဟင်၏သမီး ဒေါ်ဇလီဖာဘီ (EI-၀၄၁၂၉၀)နှင့် ဒေါ်ရင်ကြည်မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဒေါ်ဇလီ ဖာဘီ(ခ)ဒေါ်ရင်ကြည်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့၊ ကံသာရပ်(၃) ကွက်နေ ဒေါ်ခင်စန္ဒာအေး ၁၃/ညရန(နိုင်)၀၂၆၂၇၃ ၏ဖခင် ဦးညွန့်လှိုင် (ခ) ဦးစိန်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညွန့်လှိုင်(ခ)ဦးစိန်လင်း**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ မြို့မ(အထက) သတ္တမတန်းမှ မနန်းခမ်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ဆန်း ၁၃/လလန(နိုင်) ၀၆၆၉၀၈ ဖြစ်ပါကြောင်း။

**ဦးစိုင်းအောင်ဆန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/10407 ယာဉ်လက်ဝယ်ရှိသူ ဦးမြိုင်စိန် ၁၀/ခဆန(နိုင်)၀၃၄၈၉၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်)**

## အမည်ပြောင်း

ဦးသိန်းထိုက်၏သား ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်၊ ထောင်မင်းကျေးရွာ အမက(မူလွန်) Grade-6မှ မောင်ကျော်ခန့်ဟိန်းအား ယနေ့မှစ၍ မောင်ဟိန်းတေဇဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းတေဇ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဆီဆုံကွက်၊ ဦးပိုင်အမှတ်(၂၈-င)၊ ဧရိယာ (၀ဒသမ၀၄၃)ဧကအား မူလပိုင်ရှင်ထံမှ ဒေါ်ထားထားရှိန်မှ ဝယ်ယူထားပြီး မူလဂရန်စာချုပ်မှာ ပျောက်ဆုံးနေပါသဖြင့် ဒေါ်ထားသထားရှိန်မှ ၎င်း၏အမည်ဖြင့် ဂရန်စာချုပ်အသစ်ပြုလုပ်သွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ထားထားရှိန်**
**၉/ကဆန(နိုင်) ၀၅၇၁၈၅**

မီးသတိပြု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးနှင်းစိန်အောင်
### စစ်တွေမြို့
### ဆောက်လုပ်ရေး(ငြိမ်း)
### အသက်(၈၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ ဒေါ်စောသာမေ၏ ခင်ပွန်း၊ ဒေါ်မသာဦး၊ ဒေါ်မနှင်းစိန်တို့၏မောင်၊ ဒေါ်နှင်းစိန်ခိုင်၊ ဦးစိန်ထွန်းသာ၊ ဒေါ်အငယ်မ၊ ဦးစိန်သာကျော်၊ ဦးနီအောင်ကြီးတို့၏အစ်ကို၊ ဒေါ်စန်းစန်းယု၊ ဒေါ်ယဉ်ယဉ်နွယ်- ဦးဦးထွန်းလှိုင်၊ ဦးမြသန်း-ဒေါ်ရီရီသန်း၊ ဒေါ်နန်းနွယ်စိုး၊ ဒေါ်နန်းနွယ်ခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးရှင်သည် ၁၇-၅-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးနှင်းစိန်အောင် (စစ်တွေမြို့)
### ဆောက်လုပ်ရေး(ငြိမ်း)
### အသက်(၈၄)နှစ်

ဦးမြသန်း(မန်နေဂျာ-ပုံနှိပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်ရီရီသန်းတို့၏ဖခင်ဖြစ်သူ ဦးနှင်းစိန်အောင်သည် ၁၇-၅-၂၀၂၁ ရက်(တနင်္လာနေ့) မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ဝန်ထမ်းမိသားစုများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ရဟန်းဒါယိကာမကြီး
## ဒေါ်နန်းသိန်းမြ(B.A,B.Ed)
### အထက(၂)ကမာရွတ်၊ အထက်တန်းပြဆရာမ(ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက်(၁၂)၊ အခန်း (၉)နေ ရှမ်းပြည်နယ်ပညာမင်းကြီး (ဦးခွန်ပန်းလှ-ဒေါ်နန်းမြ)တို့၏ ချစ်လှစွာသော သမီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ဗဟိုလျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာကျောင်း၊ ကျောင်းအုပ်ကြီး(ဗိုလ်မှူးကြီးအောင်ငွေး-ငြိမ်း)(ဦးဥတ္တမ)၏ဇနီး၊ ဦးကျော်ကျော်(ခရိုင်တရားသူကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး)-ဒေါ်ငွေငွေဦး (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးကျော်စိုးဝင်း(MTM Shipping)၊ ဦးခင်မောင်မြတ်(မြတ်သစ်ခွဲစက်)-ဒေါ်ငွေငွေအေး(မြိတ်ကျွန်းကွမ်းသီးရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇-၅-၂၀၂၁ရက်(တနင်္လာနေ့) နံနက်တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုထွေးနှင့်ဇနီး တော်ဝင်မိသားစု**

## ဗိုလ်ကြီးထင်ပေါ်ထွန်း(ရေ/ငြိမ်း)
### စစ်တက္ကသိုလ်အပတ်စဉ်(၃၀)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၇ ဘီ/၁)နေ ဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း၊ တပ်မတော်-ရေ)- ဗိုလ်ကြီး ဒေါ်မြအေး(ငြိမ်း၊ တပ်မတော်-ရေ)တို့၏သား၊ ဒေါ်မြမြတ်ထွန်း၊ ဦးအေးထွန်းတို့၏ မောင်/ညီသည် ၁၅-၅-၂၀၂၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၁ရက် (သောကြာနေ့) နံနက်တွင် အထက်ပါ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

မန္တလေးမြို့၊ အမရပူရမြို့၊ နန်းတော်ရာ စံပြရပ်ကွက်သစ်၊ အမှတ်(၁/၉၂)နေ (ဗိုလ်ကြီးမောင်အေး-ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ ဒေါ်မြင့်မြင့်စန်း(ဒုညွှန်မှူး-ငြိမ်း၊ စိုက်/သု)-ဦးမောင်မောင်သိန်း(ညွှန်/မှူး-ငြိမ်း၊ စိုက်/သု)၊ ဒေါ်ခင်ညိုညို(အလပြ-ငြိမ်း)-ဦးအောင်ဇေငြိမ်း(ဌာနခွဲမှူး၊ ယကက၊ မြို့တွင်း၊ မန္တလေး)၊ ဒေါ်သန်းသန်းအေး(အလပြ-ငြိမ်း)-ဦးအောင်ကျော်ဦး(လ/ထအတွင်းဝန်၊ ဝန်ကြီးရုံး၊ အားကစား)၊ ဦးအောင်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်မေစီလှ၊ ဦးအောင်ရဲသူတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁၇-၅-၂၀၂၁ရက် နံနက် ၆:၁၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏ မိခင် ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊**
**အရာထမ်း၊ အမှုထမ်းများ**

## ဦးတင်ညွှန့်(ခ)ဟိုဝီးမိန်
### အမှတ်(၁)စက်မှုဝန်ကြီးဌာန(ငြိမ်း)
### နာယက - Khin Maung Nyunt Trading Co.,Ltd.
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်နေ (ဦးစိန်ဟောင်-ဒေါ်ပိန်)တို့၏သား၊ (လိုမွမ်းဆွိ-ချွာပွေလန်)တို့၏သားသမက်၊ (ဒေါ်ငွေ (ခ)လိုချူဂုက်)၏ ခင်ပွန်း၊ ဒေါ်ခင်အေးမြင့်- ဦးသိန်းနိုင်၊ ဦးတင်မောင်ညွှန့်-ဒေါက်တာ ဝင်းဝင်းထိန်၊ ဦးခင်မောင်ညွှန့်-ဒေါ်ခင်ဝင်းဆွေ၊ ဒေါ်ခင်စန်းမြင့်-ဦးထွန်းဝင်း၊ဒေါ်ခင်ဝင်းမြင့်-ဦးဇော်ဝင်း၊ ဒေါက်တာခင်ဆွေမြင့်-ဒေါက်တာ ညီညီဖေတို့၏ ဖခင်၊ မဖြူဖြူနိုင်(Josephine)- မောင်ထိုက်စံ၊ ဒေါက်တာလင်းထွန်းနိုင်-ဒေါက်တာဝင်းလှဲ့ခိုင်၊ ဒေါက်တာအောင်ဖြိုးနိုင်-ဒေါက်တာအေးသီတာခိုင်၊ မဝင်းစန္ဒာညွှန့်(Jenny)၊ မပြည့်ဖြိုးခင်(Janice)၊ ဒေါက်တာလေးသူစံ(Jessica)၊ မောင်သော်ဇင်ထွန်းဝင်း(Jerry)၊ မမြတ်အိအိဖြူ(Judy)၊ မောင်ဝေယံထူးလွင် (Jack)၊ မချမ်းမြမြဇော်(Jasmine)၊ ဂျူလီယံစည်သူဖေ(Julian)တို့၏ အဘိုး၊ မောင်ဟန်လင်းသန့်၏အဘေးသည် ၁၆-၅-၂၀၂၁ရက် မွန်းလွဲ ၁:၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေ မျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၁ ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ရန်ကင်းမြို့နယ်၊(၁၆) ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ကြည်
### (ပိန်းဇလုပ်)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၁၁၊ ပထမထပ်)နေ (ဦးစိုးမြဇင်)၏ဇနီး၊ ပိန်းဇလုပ်မြို့နေ (ဦးသာအေး-ဒေါ်မယ်ရှိန်)တို့၏သမီး၊ (ဒေါ်အုန်းကြည်)၊ (ဦးတင်အောင်-ဒေါ်ညွှန့်ညွှန့်)တို့၏ညီမ၊ (ဦးမောင်မောင်ကြည်- ဒေါ်သန်းကြည်)တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၁၆-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
### အမရပူရမြို့
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြည်
### အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှ (ဒု-ညွှန်ကြားရေးမှူး) ဒေါက်တာမေသူဇော်၏ မိခင် ဒေါ်တင်တင်ကြည်သည် ၁၆-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာနမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း(ပင်လောင်း)
### တောင်ကြီးမြို့
### အသက်(၉၂)နှစ်

၅-၅-၂၀၂၁ရက် ညနေ ၄:၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင် ဖခင်ကြီး ဦးတင်ဝင်း(ပင်လောင်း) ၏ နာရေးကိစ္စအဝဝအား ကူညီပေးခဲ့ကြသောဆွေမျိုးမိတ်သင်္ဂဟများအားလုံးအားလည်းကောင်း၊ ကျေးဇူးရှင်ဖခင်ကြီး၏ နာရေးကိစ္စအား တယ်လီဖုန်းဖြင့် သတင်းမေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဖခင်ကြီး၏ နောက်ဆုံးခရီး အားအခက်အခဲများကြားထဲမှ လူကိုယ်တိုင်လာရောက်ပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍ အလှူကုသိုလ်ပါဝင်ပေးကြသူများအားလည်းကောင်း၊ ဖခင်ကြီးအား ရင်းနှီးချစ်ခင်စွာဖြင့်လာရောက် ဂါရဝပြုကြသော ဆွေမျိုးမိတ်ဆွေများနှင့် ဖခင်ကြီး၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးကြသောသူများအားလုံးအား ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဖခင်ကြီး ဦးတင်ဝင်း(ပင်လောင်း) မကွယ်လွန်မီ နာမကျန်းဖြစ်နေ သော အချိန်တွင် ပြုစုကုသပေးသော တောင်ကြီးမြို့မှ သမားတော်ကြီးများနှင့်နေ့စဉ် အချိန်ပြည့် လာရောက်ကြည့်ရှု ကုသပေးသော ဆရာဝန် ဆရာမတို့အားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးတင်ညွှန့်(ခ)ဟိုဝီးမိန်
### အမှတ်(၁) စက်မှုဝန်ကြီးဌာန(ငြိမ်း)
### နာယက-Khin Maung Nyunt Trading Co.,Ltd
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်နေ (ဦးစိန်ဟောင်-ဒေါ်ပိန်)တို့၏သား၊ (လိုမွမ်းဆွိ-ချွာပွေလန်)တို့၏သားသမက်၊ [ဒေါ်ငွေ(ခ) လိုချူဂုက်]၏ခင်ပွန်း၊ (ဟိုချန်ဖုန့်)၏မောင်၊ ဦးတင်အေး-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်မေခင်-(ဦးကောက်)၊ ဒေါ်ကြည်ခင်(Betty Ho)၊ (လိုရောက်ခွန်း)-ဒေါ်ရှုတင်း၊ (ဒေါ်ဝင်း)-ရှင်ဗုဒ္ဓရက္ခိတ၊ လိုမေကျန်းတို့၏အစ်ကို သည် ၁၆-၅-၂၀၂၁ရက် မွန်းလွဲ ၁:၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ညွှန့်(ခ)ဟိုဝီးမိန်
### KHIN MAUNG NYUNT GROUP OF COMPANY
### နာယကကြီး
### အသက်(၉၇)နှစ်

ရန်ကုန်မြို့နေ KHIN MAUNG NYUNT GROUP OF COMPANY နာယကကြီး ဦးတင်ညွှန့်(ခ)ဟိုဝီးမိန်သည် ၁၆-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၄၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူး၊ မန်နေဂျာများနှင့်ဝန်ထမ်းမိသားစုများ(တောင်ဒဂုံ)**
**Khin Maung Nyunt Manufacturing Co.,Ltd**
**Khin Maung Nyunt Trading Co.,Ltd**

## ဒေါ်ဘေဘီ(ခ)ဒေါ်တင်တင်ကြည်
### မူပြ(ငြိမ်း)၊ အထက(၁)လမ်းမတော်
### အသက်(၇၉)နှစ်

ပြည်မြို့နေ [မစ္စတာအေဂျေဘင်ဂျမင်(ခ)ဦးအေးငွေ-ဒေါ်အမာ]တို့၏သမီး၊ သဲကုန်းမြို့နေ (ဦးကွန်းဇော်-ဒေါ်ခင်သီ) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စိုက်ပျိုးရေးရပ်ကွက်၊ ဖော့ကန်၊ ဆန်းသစ်ဦးလမ်းသွယ်(၂)၊ အမှတ်(၉၉)နေ (ဦးခင်မောင်ဇော်)(ဒုညွှန်/စီမံဘဏ္ဍာ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန-ငြိမ်း)၏ဇနီး၊ ပြည်မြို့နေ [ဒေါ်တင်တင်ရီ(ခ)အေမီ] ၏ညီမ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်စောစောနွယ်တို့၏အစ်မ၊ အင်းစိန်မြို့နယ်နေ ဦးသူရဇော်(Chief Officer)၊ ဒေါက်တာမေသူဇော်(ဒုညွှန်၊ ပဲခူးတိုင်းကုသဦးစီးဌာန)၊ ဒေါက်တာဖြူဖြူဇော်(ကထိက၊ ဓာတုဗေဒဌာန၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်စုလှိုင်ဇော်(EC)-ဦးဇေယျာအေး(IE)တို့၏ မိခင်သည် ၁၆-၅-၂၀၂၁ရက် ည၁၀:၄၀နာရီတွင် Grand Hanthaဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၁ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အင်းစိန်နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယရဲမှူးကြီး အောင်ခိုင်
### (ဦးစီးအရာရှိ ပထမတန်း)
### ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး
### အသက်(၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း)ရဲ ၂၄၅၉ ဒုတိယရဲမှူးကြီး အောင်ခိုင်သည် ၁၅-၅-၂၀၂၁ရက် နံနက်၈:၅၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်၊ မိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ G၂)၊ မြေကွက် အမှတ်(ပဥ္စမတန်းစား- ၂၁/A)၊ ဧရိယာ (၂၅' X၅၀') = ၁၂၅၀ စတုရန်းပေ = ဝဒသမ ဝ၂၈ ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၅၁)၊ ၁၀၃ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ဒေါ်တင်ရွှေ ၁၂/မဂတ(နိုင်)၀၄၁၇၅၉ ၊ ဦးထွန်းအေး ၁၂/ မဂတ(နိုင်)၀၄၁၂၂၇ ၊ ဦးခင်မောင်မြင့် ၁၂/ဗဟန(နိုင်)၀၆၆၄၇၉ ၊ ဒေါ်လှခိုင် ၁၂/ မဂတ(နိုင်) ၀၄၁၄၆၈၊ ဦးသိန်းအောင် ၁၂/ မဂတ(နိုင်)၀၄၁၇၅၅၊ ဒေါ်ဝင်းမာ ၁၂/ မဂတ(နိုင်)၀၄၁၂၂၈ အမည်ပေါက်၊ နှစ် (၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှခိုင် (မိခင်) နှင့် ၎င်း၏ခင်ပွန်း ဦးကြွယ်စိုး(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးသန့်စင်ဦး ၁၂/ မဂတ(နိုင်)၀၆၉၉၉၅ ၊ ဒေါ်ခင်မငြိမ်း ၁၂/ ပဇတ(နိုင်)၀၂၈၅၈၆ တို့မှ ကျန်ပူးတွဲအမည်ပေါက်များဖြစ်သော ဒေါ်တင်ရွှေ ၁၂/မဂတ(နိုင်)၀၄၁၇၅၉၊ ဦးထွန်းအေး ၁၂/ မဂတ(နိုင်)၀၄၁၂၂၇ ၊ ဦးခင်မောင်မြင့် ၁၂/ ဗဟန(နိုင်) ၀၆၆၄၇၉ ၊ ဦးသိန်းအောင် ၁၂/ မဂတ(နိုင်)၀၄၁၇၅၅၊ ဒေါ်ဝင်းမာ ၁၂/ မဂတ(နိုင်) ၀၄၁၂၂၈ တို့နှင့် ပူးတွဲလျက်ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွန်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၇၃၄)၊ မြေကွက် တည်နေရာအမှတ်(၇၃၄)၊ သုမိတ္တာ(၁၉)လမ်း၊ (၁)ရပ်ကွက် ဦးသန်း လွင် ၁၂/ဥကမ(နိုင်) ၁၂၁၆၀၃၊ ဦးဖိုးချက် ၁၂/ဥကမ(နိုင်)၁၂၁၆၂၅ အမည်ပေါက် နှစ်(၆၀)ဂရန် အမည်ပေါက်သူ (၂)ဦး ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်၈၂၃၇/၁၉(၂၉-၁၁-၁၉)အရ ဒေါ်ရင်ငွေး ၁၂/ဥကမ(နိုင်) ၁၄၃၈၆၃နှင့် ဒေါ်ခင်မြ ၁၂/ဥကမ(နိုင်) ၀၇၃၇၉၈တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအပေါ်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်အဆောက်အအုံရှိပြီး လျှောက်ထားသူများနေထိုင်၍ မြေပြင်တိုင်းတာချက်အရ အတိုင်းအတာ (၂၄'/၂၅'x၅၀')ရှိပြီးသောမြေကွက်(၇၃၅)မှ (၁')ပို မိုအသုံးပြုထားခြင်းကို လျှောက်ထားသူတို့နှင့်ပိုမိုအသုံးပြုထားသူတို့မှ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း နှစ်ဦးသဘောတူ ဝန်ခံကတိပြုစာတင်ပြ၍ မြေစာရင်းရှိအတိုင်းအတာပေ (၂၅x၅၀)ဖြင့် ဂရန်မိတ္တူခွင့်ပြုပေးပါရန် လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ လက်ဝယ်ထားရှိခြင်းပတ်သက်၍ ညွှန်ကြားချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

**တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ လက်ဝယ်ထားရှိခြင်းကိစ္စ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂြိုဟ်တုရုပ်မြင် သံကြားဖမ်းစက် လက်ဝယ်ထားရှိသူများအား လိုက်နာဆောင်ရွက်ရေးအတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၄၅ ပုဒ်မခွဲ (ဂ) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်-

၁။ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ ၈ အရ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိလိုသူသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ ပြည်ပမှ တင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ခနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၂။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ်(၁/၁၉၉၃)အရ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များနှင့်စပ်လျဉ်း၍ လက်ဝယ်ထားရှိခွင့် လိုင်စင်များအား ထုတ်ပေးခဲ့ပါသည်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ၏ ဆုံးဖြတ်ချက်အရ လိုင်စင်ကိစ္စများ ရပ်ဆိုင်းပြီးဖြစ်ပါသဖြင့် လက်ရှိအသုံးပြုနေသည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များအနက် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားသောအဖွဲ့အစည်းများ၏ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များမှလွဲ၍ မှတ်ပုံတင်ထားခြင်း၊ လိုင်စင်ရယူထားခြင်းမရှိသောပစ္စည်းများသည် လက်ဝယ်ထားရှိခွင့်မရှိသော တရားမဝင်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ ဖြစ်ပါသည်။

၃။ အဆိုပါ တရားမဝင်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိသူများသည် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှံရမည်။

၄။ ဤညွှန်ကြားချက်ပါသတ်မှတ်ထားသည့်ရက်အတွင်း အပ်နှံရန်ပျက်ကွက်ပြီး လက်ဝယ်ထားရှိခွင့်မရှိသော တရားမဝင်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များကို လက်ဝယ်ဆက်လက်ထားရှိပါက ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ ၃၆ အရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

(ပုံ)
တင်အောင်စန်း
ဗိုလ်ချုပ်ကြီး
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ၂၀၂၁ ဆီးဂိမ်းလှေလှော်အားကစားနည်းတွင် ကနူး/ကယက်နှင့် အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲနှစ်မျိုးသာ ပါဝင်မည်

**ရန်ကုန် မေ ၁၇**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ လှေလှော်အားကစားနည်းတွင် ကနူး/ကယက်နှင့် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲနှစ်မျိုးသာ ပါဝင်မည်ဖြစ်သည်။

ပုံမှန်အရ လှေလှော်အားကစားနည်းတွင် ကနူး/ကယက်နှင့် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲအပြင် ရိုးရာလှေပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပလေ့ရှိသော်လည်း အိမ်ရှင် ဗီယက်နမ်နိုင်ငံအနေဖြင့် အားနည်းသဖြင့် ထည့်သွင်းမကျင်းပခြင်း ဖြစ်သည်။ ရိုးရာလှေအားကစားနည်းမှာ မြန်မာအားကစားအဖွဲ့ အားသာသည့်အားကစားနည်းဖြစ်သော်လည်း ပါဝင်လာခြင်းမရှိသဖြင့် အားနည်းမှုများ ရှိလာနိုင်သည်။ ဆီးဂိမ်းပြိုင်ပွဲ၏ လှေလှော်အားကစားနည်းတွင် ရွှေတံဆိပ်စုစုပေါင်း ၃၅ ခု ချီးမြှင့်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲမှ ရွှေတံဆိပ် ၁၆ ခု၊ ကနူးကယက်လှေပြိုင်ပွဲမှ ရွှေတံဆိပ် ၁၉ ခု ချီးမြှင့်သွားမည်ဖြစ်သည်။ ဆီးဂိမ်း ကနူးကယက်အားကစားနည်းတွင် အမျိုးသားပြိုင်ပွဲ ခုနစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် မီတာ ၁၀၀၀ ပြိုင်ပွဲငါးမျိုးနှင့် မီတာ ၅၀၀ ပြိုင်ပွဲ နှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲတွင် မီတာ ၁၀၀၀ ပြိုင်ပွဲငါးမျိုး၊ မီတာ ၅၀၀ ပြိုင်ပွဲ ငါးမျိုးနှင့် မီတာ ၂၀၀ ပြိုင်ပွဲနှစ်မျိုး ပါဝင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လှေအားကစားနည်းတွင်မူ အမျိုးသားပြိုင်ပွဲ ရှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲရှစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ✻

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်-ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများ စစ်ဆေးခြင်း

စာ ၁၅

## အိုဆာဆူနာကို နောက်ကျဂိုးများဖြင့် အနိုင်ရရှိပြီး ချန်ပီယံဖြစ်ရန် နီးစပ်လာသည့် အေတီမက်




စပိန်လာလီဂါပွဲစဉ် (၃၇) အဖြစ် အမှတ်ပေးဇယားဦးဆောင်သူ အက်သလက်တီကို မက်ဒရစ်အသင်း နှင့် အိုဆာဆူနာ အသင်းတို့ပွဲစဉ်ကို မေ ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဖလားဆွတ်ခူးရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာခဲ့သည်။

အေတီမက်အသင်းသည် ယနေ့ပွဲစဉ်တွင် အိုဆာဆူနာအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ရာသီပြီးဆုံးရန် တစ်ပွဲအလိုတွင် ရမှတ် ၈၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယနေရာမှ ဖိအားပေးလျက်ရှိနေသည့် ရီးရဲမက်ဒရစ်အသင်းက ၃၇ ပွဲကစားပြီး ရမှတ် ၈၁ မှတ်ဖြင့် ဆက်လက် ဖိအားပေးလျက်ရှိနေသည်။ သို့သော်လည်း အေတီမက်အသင်းသည် လာမည့်ရာသီပိတ်ပွဲစဉ်ကို အနိုင်ရရှိခဲ့မည်ဆိုပါက ၂၀၁၃-၂၀၁၄ ခုနှစ်နောက်ပိုင်း လာလီဂါအမှတ်ပေးဖလားကို ဆွတ်ခူးရရှိမည်ဖြစ်သည်။

ယနေ့ပွဲစဉ်တွင် အေတီမက်အသင်းသည် အော့ဘလက်၊ ထရစ်ပီယာ၊ ဆာဗစ်၊ ဖီးလစ်ပီ၊ ကိုကီ၊ နီဂွက်ဇ်၊ ကော်ရဲရား၊ ဆွာရက်ဇ်စသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ အေတီမက်အသင်းသည် ပွဲစသည်နှင့်တစ်ပြိုင်နက် ဆိုဆာဆူနာအသင်းအပေါ် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းမှုများ ရရှိခဲ့သည်။ သို့သော်လည်း အသင်းမှ

*စာမျက်နှာ ၂၃ ကော်လံ ၁* ○

လူမှုရေးဝန်ဆောင်မှုလိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ အကူအညီရယူနိုင်

စာ ၂၃

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာ ၂၄

လူမှုကွန်ရက်ပေါ်၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်သူအား ဖမ်းဆီးရမိ

စာ ၂၅